စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စံပယ်သုံးကုံး

ခရီးသွားနှင့်ရိုးရာဓလေ့စာစုများ

အရှင်သုမင်္ဂလ(စစ်ကိုင်း)



mgyoe.com

စံပယ်သုံးကုံး။ ညကကုံး
သုံးကုံးပြီးအောင်၊မောင်မလာ။
ပြန်တော့မင်းရှင်၊ မင်းညိုရှင်
လုလင်ပြန်တော့...ပြန်တော့လေ။

အမည်မသိရေးစာဆို



စံပယ်သုံးကုံး၊ အရှင်သုမင်္ဂလ(စစ်ကိုင်း)
မျက်နှာဖုံးပန်းချီ - တော်တီးဆွေ
စာမျက်နှာ ၁၆၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးဒိုင်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

mgyoe.com

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# စံပယ်သုံးကုံး

## ခရီးသွားနှင့်

## ရိုးရာဓလေ့စာစုများ

## အရှင်သုမင်္ဂလ(စစ်ကိုင်း)

ပထမအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဟန်လင်းမိတ်ဆက် | ၁ |
| ၂။ | မက္ကရာမြို့ဟောင်း | ၇ |
| ၃။ | ဗောရောဗုဓော | ၁၃ |
| ၄။ | တောင်ပေါ်ကပင်လယ် | ၁၉ |
| ၅။ | အကောက်တောင် | ၂၅ |
| ၆။ | တန့်ကြည့်တောင် | ၃၁ |
| ၇။ | မြောက်ပိုင်းလမ်း | ၃၇ |
| ၈။ | နှင်းစက်လမ်း | ၄၃ |
| ၉။ | အလွမ်းလမ်း | ၄၉ |
| ၁၀။ | စစ်ကိုင်းလမ်း | ၅၆ |
| ၁၁။ | ရေခပ်လမ်း | ၆၂ |
| ၁၂။ | စံပယ်သုံးကုံး | ၆၈ |
| ၁၃။ | ပိတောက်ချစ်သူများ | ၇၅ |
| ၁၄။ | ယပ်တောင် | ၈၁ |
| ၁၅။ | ပွဲခါညောင်ရေ | ၈၇ |
| ၁၆။ | ကိုရင် | ၉၃ |
| ၁၇။ | ဝက်သားဟင်းလေးချက် | ၉၉ |


mgyoe.com

၁၈။ သီးသီးရိုက်ပွဲ ၁၀၅
၁၉။ ဆီမီးမြိုင်မြိုင်ညှ ၁၁၁
၂၀။ အညာမင်္ဂလာဆောင် ၁၁၇
၂၁။ စာဆိုတော်နေ့ ၁၂၃
၂၂။ ထန်းရွက်ပုတီးဘုရားပွဲ ၁၂၉
၂၃။ ပြတင်းပေါက် ၁၃၅
၂၄။ စာကလေး ၁၄၁
၂၅။ ပန်းကလေးတွေ ချစ်စရာ ၁၄၇
၂၆။ မုန့်တီ ၁၅၃
၂၇။ ရာသီရထား ၁၅၉


❑

mgyoe.com

mgyoe.com

စံပယ်သုံးကုံး၊ ညကကုံး၊
သုံးကုံးပြီးအောင်၊ မောင်မလာ။
ပြန်တော့ မင်းရှင်၊ မင်းညိုစင်၊
လုလင် ပြန်တော့... ပြန်တော့လေ။ ။

(အမည်မသိရေးစာဆို)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဟန်လင်းမိတ်ဆက်

(၁)

ရှေးဟောင်းရာဇဝင်များအကြောင်းကို ပြောဆိုဆွေးနွေးကြရာ၌ အယူအဆ အမျိုးမျိုး၊ ကြားဖူးနားဝ အဖုံဖုံပေမို့ 'သူ့ဟာက အမှား၊ ငါ့ဟာက အမှန်' စသည်ဖြင့် မိုးမဆုံးမြေမဆုံး ငြင်းလို့မဆုံးဖြစ်ရတတ်သည်။ အငြင်းအခုံ ကိစ္စများ ပါလာလေ့ရှိသောကြောင့် "တုတ်ထမ်း၊ ဓားထမ်းပြီး ပြောကြရ သည်" ဆိုသော အဆိုတစ်ရပ်ပင် ပေါ်ခဲ့ဖူးသည်။

"တုတ်ထမ်းပြီး မငြင်းကြနဲ့၊ ပေါက်ပြားထမ်းပြီးငြင်းကြ" ဟု ဆရာကြီး ဦးဖေမောင်တင်က အမိန့်ရှိခဲ့ဖူးသည်။ မြေသားအတွင်းမှ တူးဖော်တွေ့ရှိသော ကျောက်စာချပ်၊ရုပ်တုလက်ပြတ်၊ အုတ်ကျိုးအုတ်ပဲ့နှင့် စဥ့်အိုးကွဲစသည်တို့ကသာ ရာဇဝင်ဆိုင်ရာ အချက်အလက်တို့ကို အတိကျဆုံး ပြောနိုင်၊ အဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဟု ဆိုလိုကြောင်းနားလည်ရပါသည်။

(၂)

တိမ်မြုပ်ပျောက်ကွယ်လေပြီးသော ရှေးဟောင်းမြို့တော်ကြီးများ၏ သမိုင်းကြောင်းအမှန်ကို ဆန်းစစ်ရာ၌ တူးဖော်တွေ့ရှိမှုအသစ်များက ကြီးစွာ သော အထောက်အပံ့ကို ဖြစ်စေသည်။ ထိုအချက်အလက်များကို ကြည့်၍ အဆင့်ဆင့် တိုးတက်လာသော လူ့သမိုင်းကြောင်းကို ခြေရာခံနိုင်သည်။ ရှေးဟောင်းမြို့ပြများ တည်ရှိခဲ့ဖူးကြောင်း သက်သေထူနိုင်သည့် ရှေးခေတ်

လူသားအသုံးအဆောင် ပစ္စည်းများကို တူးဖော်တွေ့ရှိရာ အရပ်ဒေသ၊ သို့မဟုတ်၊ နှစ်ထောင်ပေါင်းများစွာက ရှေးခေတ်လူသားတို့ တည်ထောင်ခဲ့သည့်အတိုင်း မူလလက်ရာ မပျက်ယွင်းဘဲ ကြွင်းကျန်ရစ်သည့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများရှိရာ အရပ်ဒေသတို့သည် ကမ္ဘာလုံးဆိုင်ရာ သုတေသနပညာရှင်တို့၏ ဉာဏ်ကျက်စားရာ ကွင်းကြီးတစ်ခုပမာ ဖြစ်ခဲ့ရသည်။

ထိုအရပ်ထိုဒေသသည် ထိုတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သည်ဟုမဆိုသာ။ လူ့သမိုင်းကြောင်းတိုးတက်မှုဖြစ်စဉ်နှင့် ဆက်နွယ်ပတ်သက်လေရကား လူသားအားလုံးနှင့် သက်ဆိုင်ရာရောက်သည်။ လူသားအားလုံးနှင့်ဆိုင်သည့် အဖိုးတန်သမိုင်းအချက်အလက်တို့ ဖြစ်ရတော့သည်။ သို့ရကား၊ ထိုအရပ် ထိုဒေသတို့ကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းသွင်း၍ တလေးတစား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်း ဖြစ်ပါ၏။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၃၈ ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံက မြန်မာနိုင်ငံရှိ ရှေးဟောင်း ပျူမြို့ကြီးသုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ ထိုမြို့ဟောင်း သုံးမြို့သည်ကား မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ 'ဗိဿနိုးမြို့ဟောင်း'၊ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်အတွင်းရှိ 'ဟန်လင်းမြို့ဟောင်း' နှင့်၊ ပဲခူးတိုင်း၊ ပြည်မှော်ဇာအရပ်ရှိ 'သရေခေတ္တရာ မြို့ဟောင်း' တို့ဖြစ်သည်။

(၃)

အဆိုပါ ပျူမြို့တော်ဟောင်း သုံးမြို့တို့တွင် မိမိ ပထမဆုံးရောက်ခဲ့ဖူးသည့် မြို့ဟောင်းက 'ဟန်လင်း'ဖြစ်သည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်ကာလက မုဆိုးခြုံရွာသို့ အလည်အပတ်ရောက်ခဲ့စဉ် ဒေသခံမိသားစုက မိမိတို့ ဦးဇင်းငယ် သုံးပါးကို ဟန်လင်းမြို့ဟောင်းသို့ လိုက်ပို့သည်။ နွားလှည်းဖြင့်သွားခဲ့ရသော ထိုခရီးကို စိတ်ထဲမှတ်မိနေသည်။ ဟန်လင်းရှိဘုန်းကြီးကျောင်းတစ်ကျောင်း၌ နေ့ဆွမ်းစားခဲ့ရသည်။ ထိုအခါက ရေပူ၊ ရေအေးတွင်းကလေးများကို တွေ့ခဲ့ရသည်။ နောက်တစ်ခုက၊ မြို့ရိုးဟောင်း

ဟုဆိုသည့် ယာခင်းအစပ်မှ အုတ်ခုံရိုးကြီးများ။

ထိုအချိန်အထိ ဟန်လင်းက မိမိစိတ်ထဲ စူးစူးနစ်နစ် ရောက်မလာသေး။ ပြောကြစတမ်းဆိုလျှင် 'ပျူ' ဆိုသော ဝေါဟာရကို ကြားဖူးနားဝရှိခဲ့သော်လည်း 'ဟန်လင်း' ကိုတော့ ထိုအချိန်ရောက်မှ ကြားဖူးခဲ့ခြင်းဖြစ်သည်။ ထို့နောက်၊ ဆရာကြီးရွှေဒေါင်း၏ 'ပထမံဆရာသိန်း' ကို ဖတ်ရသည်။ ဟန်လင်း၏ နဂါးကျစ်အိုင်ကြီးများ အကြောင်းကို အံ့သြထိတ်လန့်ဖွယ်ရာ ဖတ်ရှုရသည်။ ဆရာနိုင်ဝင်းဆွေ၏ 'မဟူရာမေတ္တာ'ကို ဖတ်မိချိန်၌ ဗိသနိုးမြို့ဟောင်း၊ ရန်ပယ်ချောင်းနှင့် ပန်ထွာဘုရင်မတို့ကို တွေ့လိုက်ရပြန်သည်။ ပျူမြို့တော်ဟောင်း နောက်တစ်ခု၏ လွှမ်းမိုးမှုကို နောက်တစ်ကြိမ်ကြုံတွေ့လိုက်ရခြင်းဟု ဆိုနိုင်သည်။ သို့ဖြင့် မိမိ၏စိတ်၌ ရှေးဟောင်းမြို့တော်ကြီးများကို စိတ်ဝင်စားမှုက တစ်စတစ်စ မြင့်တက်လာခဲ့ပုံရသည်။

ပြီးခဲ့သည့်နှစ်က သရေခေတ္တရာကို ရောက်သည်။ ပျူမြို့တော်ဟောင်းတစ်ခုပင်ဖြစ်သော သရေခေတ္တရာက ပြည်မြို့အနီး၌တည်ရှိသည်။ ငယ်စဉ်က မိမိရောက်ခဲ့ဖူးသော ပျူမြို့ဟောင်း ဟန်လင်းထက် သရေခေတ္တရာက ပိုမိုလင်းလက်တောက်ပ၏ဟု ထင်သည်။ ပြတိုက်ရှိသည်။ အမှတ်တရပစ္စည်းအရောင်းဆိုင်များရှိသည်။ စေတီပုထိုးတို့တွင် ရှေးအကျဆုံးဟု ဆိုနိုင်သည့် 'ဘောဘောကြီး' စေတီတော်ကို ဖူးခဲ့ရသည်။ ရှေးဟောင်း မြို့တော်ကြီးထဲသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်သွားရသလိုမျိုး ခံစားမှုအသစ်ကိုလည်း ရခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က ဟန်လင်းမြို့ဟောင်းသို့ ဒုတိယအခေါက် ရောက်ဖြစ်သည်။ ယခင်ကနှင့်စာလျှင် လမ်းပန်းဆက်သွယ်ရေးကလည်း ပိုမိုကောင်းမွန်ခဲ့ပြီ ဖြစ်သည်။ ဟန်လင်း၌ လျှပ်စစ်မီးလည်းရနေပြီ။ ပြတိုက်အသစ်ကိုလည်း တွေ့ရသည်။ မိမိတို့ရောက်သွားချိန်၌ ပြတိုက်ကပိတ်သွားပြီမို့ ပြတိုက်တွင်း၌ ဘာတွေရှိသည် မမြင်တွေ့ခဲ့ရ။ ဂူသချိုင်းကိုကားဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ဟန်လင်း၏အုတ်ခုံရိုးများ၊ စေတီအဟောင်းများ၊ ကုက္ကိုပင်အိုကြီးများ၊ ထန်းပင်၊ လျှားစောင်းပင်များကိုငေးရင်း တစ်ခါကခမ်းနားထည်ဝါခဲ့သည့် မြို့တော်ကြီးကို စိတ်မှန်းဖြင့် ပုံဖော်မြင်ယောင်မိသည်။

mgyoe.com

(၄)

ရွှေဘိုသွား မန္တလေးကားလမ်းမကြီး၏ ညာဘက်ခြမ်း၌ ဟန်လင်း လမ်းခွဲရှိသည်။ စိုင်နိုင်ကွေ့လမ်းခွဲမှ ဟန်လင်းသို့ ၁၁ မိုင်ကျော်မျှ ခရီး ဝေးသည်။ မူးနှင့် ဧရာဝတီမြစ်အကြား အရှေ့အနောက် ၂၇ မိုင်ရှိသည်။ မူးမြစ်မှ ဟန်လင်းလယ်ယာများသို့ ရေပေးသည်။ မြစ်နှစ်သွယ်လုံး နှစ်ပေါင်း ရာထောင်အတွင်း အကြိမ်ကြိမ် ရေကြောင်း ပြောင်းလဲခဲ့၍ ရေကန်များ၊ အင်းများအဖြစ် ကျန်ရစ်သည်ဟုဆိုသည်။

ဟန်လင်းမြို့ဟောင်းနေရာမှ အိုးခြမ်းကွဲ အပုံကြီးတို့ကို တူးဖော် တွေ့ရှိခဲ့သည်။ အောက်ဆုံးအလွှာ မီးသွေး၏ ရေဒီယိုဓာတ်ကြွနှုန်း တိုင်းတာမှု များအရ လွန်ခဲ့သောနှစ်ပေါင်း (၄၅၀၀) ကပင် ထိုဒေသ၌ လူသားတို့နေထိုင်ခဲ့ ကြောင်း၊ ရောမအိုးခြမ်းကွဲအပုံကြီး တစ်ဒါဇင်ကျော်က ဟန်လင်းဒေသ တစ်ဝိုက်တွင် ရှေးလူတို့ အဆက်မပြတ် နေထိုင်ခဲ့ကြောင်း သက်သေခံပစ္စည်းများ ဖြစ်၏ဟု ဆိုသည်။ ဟန်လင်းသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ဟူသော ခေတ်အားလုံးကို ဖြတ်သန်းခဲ့သည့် အရပ်ဒေသဖြစ်၏ဟုလည်း ပညာရှင်တို့က ဆိုပါသည်။

ဟန်လင်း၏ဖြစ်တည်မှုက အိန္ဒိယနှင့်ဆက်စပ်မှုရှိခဲ့သည်။ မူလ မြို့တော်အမည်က "ဟံသာနဂရ" ဖြစ်သည်။ မဟာသမ္မတမင်းကြီး၏ သားတော်လတ် 'ကရဘော' မင်းသားသည် ထိုဒေသသို့ ရောက်ရှိလာပြီး နောက် 'ဟန်လင်းရွှေပြည်' ကို တည်ထောင်မင်းပြုကြောင်း၊ ဟန်လင်း၌ မင်းပြုခဲ့သောမင်းတို့ အရေအတွက်အားဖြင့် (၉၆)ပါးအထိရှိကြောင်း၊ (၇၉၉-ပါးဟုလည်း အဆိုတစ်မျိုးရှိသည်။) နောက်ဆုံးမင်းသည် 'ပျူစောထီး' အမည်ရကြောင်း သမိုင်းကျမ်းစာတို့က ဆိုသည်။

ရာဇာဓိရာဇ်မင်းကြီးနှင့် မိဖုရားခေါင်ကြီးစောယုန္တယ်တို့မှ 'ပျူစောထီး၊ ပြူးစောထီး' အမည်ရသည့် သားတော်နှစ်ပါးဖွားမြင်သည်။ ပျူမင်း၊ ပြူးမင်းဟုခေါ်ကြသည်။ ခမည်းတော်ကြီးလွန်ချိန်၌ နောင်တော်ပျူမင်းက ဘုရင်ဖြစ်ပြီး ညီတော်ပြူးမင်းက အိမ်ရှေ့မင်းဖြစ်ခဲ့သည်။ ညီတော် ပြူးမင်း တစ်ခါပြူးလိုက်တိုင်း ကောင်းကင်ယံမှ ရတနာမိုးများ ရွာသွန်းဖြိုး၏ဟု ဆိုသည်။ ထိုသတင်းကိုကြားသော် တရုတ်ပြည် ဥတည်မင်းက သံစေလွှတ်၍

စုံစမ်းခဲ့သည်။ ပျူမင်းက ညီလာခံသို့ အရောက်လာရန် ပြူးမင်းကိုခေါ်သည်တွင် ညီတော်ပြူးမင်းအနေဖြင့် မပြူးနိုင်မရယ်နိုင်အနေအထားဖြင့် ကြုံနေခိုက်ဖြစ်၍ အတန်တန်ငြင်းခဲ့သည်။ ထိုအဖြစ်ကို အထင်လွဲခဲ့သော နောင်တော်က ညီတော်ပြူးမင်းကို ကွပ်မျက်ခဲ့သည်။

ပြူးမင်း၏သားတော်ငယ် စောတိဿလည်း နေပြည်တော်ကို စွန့်ခွာကာ ရှင်တိဿအမည်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ကာလအတန်ကြာသော်၊ ဘကြီးတော်ပျူမင်းကို တရားဒေသနာဟောပြောရန် ဟန်လင်း နေပြည်သို့ ရှင်တိဿကြွရောက်လာခဲ့သည်။ 'ထီးနန်းလုရန်လာသည်' ဟုအထင်တော်လွဲသည့် ဘကြီးတော် ပျူမင်းက ရှားမီးဖို၌တင်၍ ကွပ်မျက်ခဲ့သော်လည်း ရှင်တိဿက မသေ။ ဈာန်အဘိညာဉ်ယာဉ်စီးကာ ကောင်းကင်ခရီးဖြင့် ပျံကြွလွတ်မြောက်သွားသည်။ ထိုအကုသိုလ်အကျိုးဆက်ကြောင့် သဲမိုးကြီးရွာပြီး ဟန်လင်းမြို့ကြီး ပျောက်ကွယ်ခဲ့ရ၏ဟု 'ဟန်လင်းရာဇဝင်တော်ချုပ်' ၌ ဆိုသည်။

ဟန်လင်းမြို့တော်ဟောင်းသည် ခရစ်နှစ် ရှစ်ရာစုနှင့်ကိုးရာစုကြားကာလတွင် မီးလောင်၍ ရုတ်တရက်ပျက်စီးခဲ့ရဟန်တူသည်။ သမိုင်းထွက်စကားတို့၌ ပြာပူမိုးရွာခြင်းကြောင့်ဟု ဆိုသည်။ ရန်သူတိုက်ခိုက်ခံရခြင်းကြောင့်ဟု အဆိုမရှိ။ ပြင်ပမှ ရန်သူဝင်ရောက်တိုက်ခိုက်ကြောင်း ပြဆိုနိုင်သည့် မြေလွှာအထောက်အထား တစ်စုံတစ်ရာကိုလည်း မတွေ့ခဲ့လေရကား ရန်သူတိုက်ခိုက်ခြင်းကြောင့် လောင်သောမီးဟု မဆိုနိုင်ကြောင်း၊ မီးလောင်ပြီးသည့်နောက် မြို့ကို အသစ်တစ်ဖန် ပြန်လည်ထူထောင်ခြင်း လက္ခဏာ မတွေ့ရကြောင်း၊ ဦးမြင့်အောင်၏ 'ဟန်လင်း မြို့ဟောင်း' စာတမ်း၌ ဆိုသည်။ ဘော့ဟတ်ဆန်၏ ရေဒီယိုဓာတ်ကြွမီးသွေးဖြင့် စမ်းသပ်ချက်အရ ပြာပူမိုးလည်းမရွာ၊ စစ်ပွဲကြီးလည်း မဖြစ်ခဲ့ကြောင်း ဆရာဝန်တင်မောင်ကြည် (မန္တလေး) ၏ 'ဟန်လင်း' စာအုပ်၌ ဆိုထားသည်။

(၅)

ဟန်လင်းမင်းဆက်၌ ဉာဏ်ပညာထက်မြက်ပြီး ဘုန်းမီးနေလ တောက်ပခဲ့သည့် ဘုရင်မတစ်ပါး ရှိခဲ့သည်။ ဟန်လင်း၏ ၅၃ ဆက်မြောက်

ထီးနန်းစိုးစံသူ ထိုဘုရင်မသည် "ရှင်ဆင်းမောက်" ဟု အမည်ရသည်။ ပျူ ၁၂ ပြည်ထောင်ကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် စည်းရုံးသိမ်းသွင်း နိုင်ခဲ့သည့် ဘုရင်မတစ်ပါးအဖြစ် ရာဇဝင်၌ ထင်ရှားသည်။ အဆိုပါ ၁၂ ပြည်ထောင်သည်ကား ဟန်လင်း၊ ငမန္တ၊ အစိရိ၊ မော်ဇာ၊ အေလာ၊ မော၊ မိုးနဲ၊ ပန်းတောင်း၊ ကျောက်ကရီး၊ တိမ်မယ်(ပဲခူး)၊ ပိလင်း (ပင်လယ်) နှင့် တနသာ်ရီတို့ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်က ထင်ရှားခဲ့သည့် မွန်ဘုရင်မ 'ရှင်စောပု' ထက် ဟန်လင်းဘုရင်မ 'ရှင်ဆင်းမောက်'က ရှေးကျကြောင်း၊ ထို့ကြောင့် သူမသည်သာ မြန်မာနိုင်ငံ၏ ပထမဆုံးဘုရင်မဖြစ်ကြောင်း 'ဟန်လင်း မဟာရာဇဝင်တော်ချုပ်' က ဆိုသည်။

ပျူဒင်္ဂါးများကို ဟန်လင်းသားတို့က "ကိုးမြို့ဒင်္ဂါး" ဟု ခေါ်လေ့ရှိကြသည်။ မြို့ရံရှစ်မြို့နှင့် ဟန်လင်းကိုပါ ပေါင်းပြီးကိုးမြို့ဟု ခေါ်ကြခြင်းဖြစ်ကြောင်း မှတ်သားရသည်။ အဆိုပါမြို့ရံရှစ်မြို့သည်ကား "မြို့လှ၊ ကိုးပင်၊ ကျောက်မြောင်း၊ ရွာကွဲ၊ ရှိန်းမကား၊ ဆင်းကွတ်၊ လှထွေနှင့် မင်းကျီ" တို့ဖြစ်သည်။

Daily Eleven
(20-2-2016)

အကိုးအကား

– ဟန်လင်း ရာဇဝင်တော်ချုပ်(ဦးသင်းမောင်၊မန္တလေး၊စီးပွားရေးမြင့်ဦး)

– ဟန်လင်း (ဆရာဝန်တင်မောင်ကြည်)

– ဟန်လင်းမြို့ဟောင်း (ဦးမြင့်အောင်)

❑

mgyoe.com

# မကွေ့ရာမြို့ဟောင်း

(၁)

အမည်ကို ကြားကာမျှဖြင့် စိတ်ထဲ စွဲစွဲလမ်းလမ်း ဖြစ်မိသည့် ရှေးဟောင်းမြို့ တစ်မြို့ရှိခဲ့သည်။ ကနဦးကာလများက ထိုမြို့သည်လည်း ပျူမြို့တော်ကြီး တစ်ခုလို အိပ်မက်ဆန်သော ဟိုအဝေးတစ်နေရာ၌ ရှိနေလိမ့်မည်လား ထင်မှားခဲ့ဖူးသည်။ တကယ်တော့ ထိုမြို့က မန္တလေးနှင့် သိပ်မဝေး။ သို့သော် အကြောင်းက မသင့်ချင်တော့ ထိုမြို့ဟောင်းကို အတော်နှင့် မရောက်ဖြစ်နိုင်။ ရောက်ပြီဆိုတော့လည်း တစ်လအတွင်းမှာပဲ နှစ်ကြိမ်ဆက်တိုက် ရောက်ဖြစ်ခဲ့ပါလေ၏။ ထိုမြို့က မကွေ့ရာမြို့ဟောင်း ဖြစ်ပါသည်။

(၂)

ပြောကြစတမ်းဆို မကွေ့ရာကို ရောက်ဖြစ်ခဲ့သည့် ထိုနှစ်ခေါက်စလုံးက မရည်ရွယ်ပဲ ရောက်ခဲ့ရသည်ချည်း။ ပထမတစ်ခေါက်၏ အဓိက ခရီးစဉ်က ကြာတွေ လှိုင်လှိုင်ပေါသည်ဆိုသည့် စွန်ရဲအင်း။ ထိုတစ်နေ့က ကောင်းကင်ယံ၌ မိုးသားတိမ်လိပ်တို့ မင်းမူနေသည်။ ထိုခရီးစဉ်၌ ကိုယ်နှင့် အတူ ကဗျာဆရာသုံးဦး ပါသည်။ ပလိပ်ကို ရောက်တော့ ဆရာမ မဝင့် (မြစ်ငယ်) ၏အိမ်ကို အရင်ဝင်ဖြစ်သည်။ သူက ပလိပ်ကိုရောက်ရင် ဝင်ခဲ့ကြစမ်းပါ ဆိုသောကြောင့် တကူးတက ဝင်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ဆရာမတို့အိမ် ရောက်တော့ မမျှော်လင့်ဘဲ ရောက်လာသည့်

mgyoe.com

မိမိတို့အဖွဲ့ကို ကြည့်ပြီး သူလည်း ဝမ်းသာအယ်လဲ ဖြစ်နေပုံရသည်။ ဆရာမ အရီးဝင့် တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ပွဲကို ဧည့်သည်တို့ ပြုကျင့်ရာ သည့် ထုံးတမ်းစဉ်လာအရ ဗိုက်တင်းအောင် သုံးဆောင်ကြပြီးနောက် မန္တလေးကျောက်ဆည်လမ်းမပေါ် ထွက်ခဲ့ကြသည်။ ဘဲလင်းဘက်ကို ချိုး ကွေ့ပြီး အရှေ့စူးစူးကို ဆက်သွားတော့ မှိုင်းပျပျ ရှမ်းတောင်တန်းကြီးများကို လှမ်းမြင်ရသည်။ တောင်တန်းကြီးများအခြေကို ရောက်လုလု ညာဘက်ကို ကွေ့ဆင်းလိုက်ချိန်၌ အုပ်စုဖွဲ့ သွားလာလှုပ်ရှားနေကြသူများ၊ စားသောက် ဆိုင်များနှင့် ကမ်းကပ်လှေများကို ဘွားခနဲတွေ့လိုက်ရတော့၏။ ထိုနေရာက စွန်ရဲအင်းဖြစ်ပါသည်။

(၃)

စွန်ရဲအင်းမှ ပြန်လာတော့ အချိန်က စကောစက။ ဒေသခံ ကဗျာ ဆရာက မက္ခရာကို လိုက်ပို့မည်ဆိုတော့ မိမိတို့ကလည်း တစ်ယောက်မျှ မငြင်း။ တကယ်တော့ သူလည်း ထိုလမ်းကြောကို သိပ်ကျွမ်းဟန်မတူ။ သို့ဖြင့် ဆိတ်ကျောင်းသားကို မေးလိုက်၊ တောပြန်တွေကို မေးလိုက်ဖြင့် အတော်အတန် ခရီးနှင်မိချိန်၌ အဝေးကပင် လှမ်းမြင်နိုင်သည့် စေတီတော် ကြီးနှစ်ဆူကို ဖူးတွေ့လိုက်ရသည်။ တစ်ဆူက ရွှေစာတီ စေတီတော်ဖြစ်၍ တစ်ဆူက ရွှေစည်းခုံ စေတီတော်ဖြစ်သည်။

ရွှေစာတီစေတီကြီး၏ အင်္ဂါထောင့်၌ 'မက္ခရာ အသင်္ချယာမင်း ကုသိုလ်၊ ရွှေစာတီစေတီတော်' ဆိုသည့် ကမ္ပည်းတိုင်ကို ထင်ထင်ရှားရှား စိုက်ထူထားသည်။ စေတီကြီး၏ အနီးဝန်းကျင်၌ မျက်နှာစိမ်း တစ်ဦး တစ်လေကိုမျှ မတွေ့မိ။ ဟိုရွာသည်ရွာ အကူးအသန်းပြုနေကြသည့် ဒေသခံ အချို့ကိုသာ ထနောင်းပင်ကြီးများအောက်၌ အမောဖြေရင်း ကိုယ်တို့အုပ်စုကို စူးစမ်းငေးမောနေကြသည်ကို သတိထားမိသည်။ အုတ်ပုံကြီးများ ဖြစ်နေ သည့် ထိုစေတီတော် ကြီးနှစ်ဆူစလုံးကို သဒ္ဓမ္မသီတဂူဆရာတော်၊ ကျောက် ဆည်မဟာဂန္ဓာရုံဆရာတော်တို့၏ ဦးဆောင်မှု၊ ကုသိုလ်ရှင် မိသားစုအများ၏ ကောင်းမှုဖြင့် ပြန်လည်ပြုပြင်ခဲ့ရသည်ဟု သိရသည်။ စေတီတော်ကြီးများ ဝန်းကျင်၌ ထိုထိုကုသိုလ်ရှင် မှတ်တမ်းကျောက်စာတို့ကိုလည်း တွေ့ရသည်။

mgyoe.com

(၄)

ရွှေစာတီဘုရားက သူ့ချည်း ထီးထီးကြီးဖြစ်ပါသော်လည်း ရွှေစည်းခုံဘုရားကတော့ ကျောင်းနှင့်ကန်နှင့် ပန်းတင့်ဘိသည်။ ကျောင်းနယ်မြေနှင့် စေတီတော်နယ်မြေက တစ်ဆက်တည်း။ ကျောင်းတိုက်အတွင်း၌လည်း ထယ်ဝါခဲ့ညားသည့် အဆောက်အအုံတို့ကို တွေ့ရသည်။ စေတီတော်ရင်ပြင် အနောက်ဘက် အုတ်နှုတ်ခမ်းစွန်း၌ စီတန်းပေါက် ရောက်နေသည့် ထနောင်းပင်ကြီးများ၏ အလှကို ထူးထူးခြားခြား သတိထားမိသည်။

ရွှေစည်းခုံစေတီတော်ကြီးက ပစ္စယာသုံးဆင့်ရှိသည်။ ပုဂံဒေသရှိ အချို့စေတီပုထိုးတို့ကဲ့သို့ လှေကားထစ်များအတိုင်း အပေါ်ထပ်ကို တက်နိုင်သည်။ ပစ္စယအဆင့်တိုင်း၌ ပတ်လမ်းက အကျယ်ကြီး။ အပေါ်ဆုံးအဆင့်ကို ရောက်တော့ မြင်ကွင်းက လှချင်တိုင်း လှတော့သည်။ မလှမ်းမကမ်း ဟိုအဝေးဆီ၌ ဘွဲ့တော်အမည်မသိနိုင်သည့် စေတီပုထိုးများ၊ ကုလားကျောင်းခံ လေးထောင့်စပ်စပ် ကျောင်းတော်ဟောင်းများကို တွေ့ရသည်။ ပြန်လည်ပြုပြင်ထားဟန်တူသည့် စေတီတော် အတော်များများက ဟသံပဒါးရောင် နီနီရဲရဲရှိသည်။ တစ်ဆူစနှစ်ဆူစကိုကား ရွှေချပူဇော်ထားသည်ကို တွေ့ရသည်။ ဟိုးအဝေးဆုံးမှာတော့ ရှမ်းရိုးမ တောင်တန်းပြာပြာ။

ရွှေစည်းခုံစေတီတော်ကြီး၏ ထောင့်လေးထောင့်၌ အချိုးအစားတူ ခေါင်းလောင်း(ဓမ္မာရုံ)ကြီးများကိုလည်း တည်ဆောက်ထားသည်။ စနေထောင့်ရှိ အုတ်ပုံကြီးသည်ကား ဘွဲ့အမည်မထင်ရှားသည့် စေတီတော်ဟောင်းကြီး တစ်ဆူဖြစ်ရာပါ၏။ တကယ်တော့ ရွှေစည်းခုံစေတီတော်ကြီးသည်ပင် နဂိုမူလက ထိုပုံအတိုင်း ပြိုကျပျက်စီးနေသော အုတ်ပုံအစုကြီး မဟုတ်ပါလား။

(၅)

စဉ့်ကိုင်မြို့နယ် အတွင်းမှ ဧည့်ပြကျေးရွာ အုပ်စုဝင် ဖြစ်သည့် 'ကျွန်းဦး' ရွာ စုပေါင်းသွေးလှူပွဲမှ အပြန်၌ မက္ခရာသို့ ဒုတိယအကြိမ် ရောက်ဖြစ်ခဲ့ပြန်သည်။ ထိုနေ့က တစ်နေ့လုံးမိုးရွာသည်။ ရွာသမှ နိုင်ငံနှင့်အဝှမ်း ရွာသည့်မိုး။ လယ်မြုပ်၊ လမ်းမြုပ် ရွာသည့်မိုး။ စုပေါင်းသွေးလှူဒါန်းပွဲပြီးတော့ မိုးတဖြောက်ဖြောက်ကြားမှပင် မက္ခရာမြို့တော်ဟောင်းသို့

နောက်တစ်ခေါက် ရောက်ဖြစ်ရပြန်သည်။

ကားဆရာက ဘုရားတွေပေါသည်ဆိုသည့် ကျွန်းဦးကျောင်းကို ဦးစွာ လိုက်ပို့သည်။ ကျောင်းအဝင်လမ်းခွဲ၌ "၆၆၆ နှစ်တည်၊ ၁၃၆၅ ပြုပြင်၊ မဏ္ဍရာသမိုင်းဝင် ရှေးဟောင်းစေတီတော်များ" ဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့သည်။ ဘယ်ဘက်လမ်းခွဲအတိုင်း ဆက်လိုက်မည်ဆိုပါက ဒုဋ္ဌဝတီ ဖော်ဂျီ မြစ်ကူးတံတားကို ရောက်မည်။ ကျွန်းဦးကျောင်းထဲ ရောက်တော့ ကားဆရာပြောသည့်အတိုင်း စေတီပုထိုးတွေကို အများကြီးတွေ့ရသည်။ ထုထည် ကြီးမားလှသည့် စောင်းတန်းအုတ်တံတိုင်းကြီး၏ ပမာဏနှင့် လိုက်ဖက်သည့် မုခ်ဦးခြသေ့်ကြီးနှစ်ကောင်က တစ်ခေတ် တစ်ခါက မဏ္ဍရာ၏ ခမ်းနားခဲ့ခြင်းများကို မီးမောင်းထိုးပြနေသည်သို့ ရှိသည်။ ကျောင်းပရိဝုဏ် အတွင်း၌ စေတီပုထိုးများကို အစုလိုက်အစုလိုက် ဖူးမြော်ရသည်။ အချို့စေတီကြီးများ၏ မဟာရံ အုတ်တံတိုင်းကြီးတို့သည်ကား ပြိုပျက်နေသည့် နဂို အနေအထားအတိုင်း ရှိနေဆဲဖြစ်သည်။

(၆)

မဏ္ဍရာသည် ကျောက်ခေတ်လူသားတို့ အခြေချနေထိုင်ခဲ့ရာဒေသ ဖြစ်သည်။ ပျူခေတ်ဦးကာလမှ ပျူခေတ်နှောင်း၊ သို့မဟုတ် ပုဂံခေတ်ဦး သမယအထိ ပျူတို့နေရာဖြစ်ခဲ့၏ဟု အဆိုရှိသည်။ အဲဗျု (ဒေးပြ) ရွာအနီး တွင် အရိုးပြာအိုးများကို မကြာခဏတူးဖော်ရရှိခြင်းကြောင့် မဏ္ဍရာနယ် အနှံ့အပြားတွင် ပျူလူမျိုးတို့ နေထိုင်ခဲ့ကြောင်း ပညာရှင်တို့ မှတ်ချက်ပြုကြသည်။ ထိုဒေသသည် ယခုအခါ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် အတွင်း၌ အကျုံးဝင်ခဲ့လေပြီ။ ထိုဒေသ၌ ပျူ၊ မွန်၊ ရှမ်း၊ ဗမာတို့ ငြိမ်းချမ်းချစ်ကြည်စွာ အတူတကွ နေထိုင်ခဲ့ကြောင်း အထောက်အထားများစွာ တွေ့ရှိခဲ့သည်။ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လာကြသည့် မြန်မာ့ခေတ်ဦးလူသားတို့ စုဝေးရောက်ရှိရာ ဒေသလည်းဖြစ်၏ ဟုလည်း သမိုင်းပညာရှင်တို့ လက်ခံထားကြသည်။

အနော်ရထာမင်းလက်ထက်တွင် လယ်တွင်း ၁၁ နယ်ဖွဲ့၍ အုပ်ချုပ်ခဲ့သည်။ ထိုကာလမှစ၍ ယနေ့တိုင် မြန်မာနိုင်ငံ၏ စပါးကျီတစ်ခုအဖြစ်

သမိုင်းမှတ်တမ်းရှိသည်။ "မြန်မာအစ ကျောက်ဆည်က" ဟု သမိုင်းပညာရှင် အချို့က ဆိုခဲ့သည်။ ထိုကိုးခရိုင်နယ်တစ်လွှား၌ မက္ခရာ၏ သမိုင်းသည် အဦးဆုံးနှင့် အရှည်ဆုံး ဖြစ်ကြောင်းလည်း အဆိုရှိသည်။ 'တူးတိုင်းပေါ်၊ ဖော်တိုင်းရ' နိုင်သည့် သမိုင်းအမွေ သဲလွန်စများကလည်း တပုံတပင်။ ထို့ကြောင့် 'ကိုးခရိုင်အစ မက္ခရာက' ဟုလည်း အချို့က ဆိုကြပြန်သည်။

မက္ခရာနှင့်ဆိုင်သော မှတ်တမ်းမှတ်ရာတို့တွင် သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်နေ့စွဲပါ မက္ခရာမြို့တံဆိပ်တော်ရ ကြေးတိုင် မြေသူကြီး ငခွေးနှင့် မြို့စာရေးငပုတို့ ထွက်ဆိုချက်ပါ စစ်တမ်းသည် တွေ့ရှိသမျှတို့တွင် ရေးအကျဆုံးသော မှတ်တမ်းတစ်ခုဖြစ်၏ဟု ဆိုသည်။ ထိုမှတ်တမ်း၌ ပဒုံမင်းလက်ထက်က မက္ခရာ နယ်မြေသတ်မှတ်ချက်လည်း ပူးတွဲ ပါရှိသည်။

(၇)

အနော်ရထာမင်းစောက မြန်မာနိုင်ငံတစ်လွှား ကင်းမြို့များ တည်ထားခဲ့ရာတွင် မက္ခရာလည်း ပါဝင်ခဲ့သည်။ 'မက္ခရာ၊ မြင်စိုင်း၊ ပင်လယ်' တို့သည် အနော်ရထာမင်းလက်ထက်က လယ်တွင်း ၁၁ ရွာငယ်များ အဖြစ်သာ ရှိခဲ့ပြီး ပုဂံခေတ်နှောင်းပိုင်းရောက်မှ မြို့ဖြစ်လာကြသည်။ ရှမ်းညီနောင်သုံးဦးလက်ထက်၌ မြို့ကြီး သုံးမြို့အဖြစ် ထင်ရှားလာခဲ့သည်။

အင်းဝခေတ်နောက်ပိုင်း၌ မြင်းခုန်တိုင်နှင့် မက္ခရာတို့ အပြိုင်ထွန်းကားခဲ့သည်။ သက္ကရာဇ် ၈၈၈ ခု၊ အင်းဝခေတ်၌ ပေါ်ပေါက်လာသည့် အရေးအခင်း၌ မင်းဆိုးမင်းညစ် 'သိုဟန်ဘွား' ကို နှိမ်နင်းတော်မူခဲ့သည့် 'မင်းကြီး ရန်နောင်' ကို အမတ်များနှင့် ရှမ်းစော်ဘွားတို့က မင်းပြုရန် တောင်းပန်သော်လည်း မင်းကြီးရန်နောင်က လက်မခံ။ 'ခုန်မှိုင်းစော်ဘွား' ကို နန်းတင်ပြီး မက္ခရာအရပ်သို့ တောထွက်ခဲ့သည်။ စကားခုနစ်ကျောင်း ဒါယကာမင်းကြီးသည်လည်း သက်တော် ၄၂ နှစ်သို့ ရောက်သော် ညီတော် ငါးစီးရှင်ကို ထီးနန်းလွှဲ၍ ထိုနှစ်၌ပင် မက္ခရာအရပ်၌ တောဝင်တော်မူ၏ဟု ရာဇဝင်ကျမ်းတို့က ဆိုသည်။

ရာဇဝင်၌ သမိုင်းပြောင်ခဲ့သည့် 'မက္ခရာ'က ယခုတော့ တောကြီး

မျက်မည်းထဲမှာ လူမသိသူမသိ ငိုက်မြည်း ငြိမ်သက်လို့၊ တိတ်ဆိတ်လို့။ 'မြန်မာအိုင်ဒေါ'လောက်မှ လူသိမများသည့် စာလုံးပေါင်းတစ်ခု ဖြစ်ခဲ့ရချေပြီ။ အခွင့်သင့်မည်ဆိုလျှင်တော့ မကွဲရာကို နောက်တစ်ခေါက် ရောက်ချင်ပါသေးသည်။

Daily Eleven

(17-3-2017)

အကိုးအကား

– တွင်းသင်း မြန်မာရာဇဝင်သစ်၊ ပထမတွဲ၊

– မကွဲရာသို့ သုတေသနခရီးမှတ်တမ်း၊ (အောင်ငြိမ်းချမ်း၊ မန်းတက္ကသိုလ်)

❑

mgyoe.com

mgyoe.com

# ဗောရောဗုဓော

(၁)

လွန်ခဲ့သည့်နှစ်က ထိုင်းနိုင်ငံ အလည်အပတ်ခရီး၌ မရည်ရွယ်ပါပဲလျက် 'အန်ကောဝပ်' ကျောင်းတော်ကြီးသို့ ရောက်ခဲ့ရသည်။ အန်ကောဝပ်က ကမ္ဘောဒီယားနိုင်ငံအတွင်းရှိ အထင်ကရ ကျောင်းတော်ကြီးတစ်ခု။ ယခုနှစ် ရောက်ဖြစ်ခဲ့သည့် 'ဗောရောဗုဓော' ခရီးစဉ်ကတော့ ရည်ရွယ်ချက်ရှိရှိ ရောက်ဖြစ်ခဲ့ရသည့် ခရီးဖြစ်သည်။

စင်္ကာပူ၌ မြန်မာကျောင်း (Burmese Buddhist Timple) တည်ထောင်ခြင်း နှစ်ဆယ့်ငါးနှစ်ပြည့် အထိမ်းအမှတ်ပွဲရှိသည်။ မိတ်ဆွေ ဦးဖင်းက ထိုပွဲကိုတက်ရောက်ဖို့ နယူးရောက်မှ စင်္ကာပူကိုလာသည်။ မိမိတို့ နှစ်ပါးက သူနှင့်ပူးပေါင်းဖို့ ရန်ကုန်မှ စင်္ကာပူကို ရောက်သွားသည်။ မိမိတို့၏ ရည်ရွယ်ရာပန်းတိုင်က ကမ္ဘာကျော် 'ဗောရောဗုဓော' စေတီတော်ကို သွားရောက် ဖူးမြော်ရေး ဖြစ်သည်။

(၂)

မြန်မာပြည်၌ ရာသီက 'ဆောင်း' ဖြစ်သော်လည်း စင်္ကာပူမှာတော့ မိုးကရွာလို့ကောင်းဆဲ။ 'ဒီမှာက နွေနဲ့မိုးပဲ ရှိတယ်'ဟု မိတ်ဆွေဦးဖင်းက ဆိုသည်။ ဟုတ်တော့လည်း ဟုတ်မည်ထင်သည်။ ထိုအရပ်၌ ဥသြတွန်သံကို နေ့စဉ်ရက်ဆက် ကြားနေရသည်။ ညနေချိန်ရောက်တိုင်းလည်း မိုးကရွာသည်။

မိုးကြိုးများတောင် ချွန်းလို့ ထစ်လို့၊ ထိတ်များပင် ထိတ်စရာ။ ထိုအရပ်က ဖျတ်ဖျတ်လတ်လတ်, ချပ်ချပ်ရပ်ရပ်ရှိသည်။ မြင်မြင်သမျှက နုဖတ်စိမ်းစိုလှပ လို့၊ နောက်ပြီး သွားလမ်းသာ၍ လာလမ်းဖြောင့်သည့် အရပ်။

အင်ဒိုနီးရှားကို သွားမည့် မနက်ခင်းက ချန်ဂီလေဆိပ်သို့ အစောကြီး ရောက်နေခဲ့သည်။ ခရစ္စမတ်ရာသီပေမို့ အသွားအလာ, အနုတ်အသိမ်း များကြပာန်တူသည်။ လေဆိပ်ဝင်းကြီးအတွင်းရှိ ခရစ္စမတ်သစ်ပင်ကြီး၌ လင်းလက်နေသည့် အရောင်စုံမီးလုံးများ၊ ချိတ်ဆွဲထားသည့် လက်ဆောင် ပစ္စည်းပုံးများ နောက်ခံဖြင့် အမှတ်တရ ဓာတ်ပုံရိုက် နေကြသူများဖြင့် လှုပ်လှုပ် ခတ်ခတ်ရှိသည်။

မိမိတို့ စီးနင်းလိုက်ပါလာသည့် 'ဂျာရူဒါအဲယားလိုင်း' ပိုင် လေယာဉ် က 'ဆူကာနိုဟတ္တာ' လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် (၈ း ၁၅) နာရီ၌ ဆိုက်ရောက်သည်။ 'ဂျကာတာ'မှ 'ဂျော့ဂျကာတာ' သို့ ဆက်လက်ထွက်ခွာ မည့် လေယာဉ်က နေ့ခင်း (၁း၀၀) နာရီမှ ဆိုတော့ အချိန်တွေက ပိုနေသည်။ လေဆိပ်ကို လှည့်လည်ကြည့်ရှုကြပြီးနောက် ပြည်တွင်းသုံးငွေ လဲလှယ်ကြ သည်။ ယူအက်စ်ဒေါ်လာ ၂၀၀ ပေးလိုက်တော့ အင်ဒိုသုံးငွေ တစ်သိန်းတန် ငွေစက္ကူတွေ အများကြီးရလိုက်သည်။ ရေတွက် ကြည့်တော့ ၂၆ သန်းတဲ့။ နည်းနည်းနောနော ငွေကြေးမဟုတ်။ နေရင်းထိုင်ရင်း သန်းကြွယ် ဖြစ်ရသည်။

(၃)

ဂျကာတာနှင့် ဂျော့ဂျကာတာက လေယာဉ်ပျံသန်းချိန် (၅၅) မိနစ် ကြာသည်။ ဂျော့ဂျကာတာရှိ 'အဒီဘူ ဂျစ်ပတို' လေဆိပ်၌ လေယာဉ်ဆိုက် တော့ ဧည့်ကြိုခန်းမဆောင်၌ ရိုးရာတူရိယာတို့ဖြင့် တီးမှုတ်သီဆို ဧည့်ခံ ဖျော်ဖြေနေသည့် တီးဝိုင်းတစ်ခုကို တွေ့ရသည်။ ကြိုတင်ချိတ်ဆက်ထားသည့် တည်းခိုဆောင်သို့ ရောက်အောင် လေဆိပ်မှ နှစ်နာရီကြာ ကားစီးရသည်။ လမ်းဘေးဝဲယာ၌ အုတ်ကြွပ်နီနီများ မိုးထားသည့် တစ်ထပ်တိုက် အဆောက် အအုံများကို အများဆုံးတွေ့ရသည်။ လေဆိပ်အထွက်လမ်းမှ ဗောရောဗုဒေ စေတီတော်ကြီးသို့အရောက် လမ်းတစ်လျှောက်လုံးကို နိုင်လွန်ကတ္တရာများ ခင်းထားသည်။ ယာဉ်ကြောထူထပ်သည့် နေရာအချို့၌ လမ်းက လေးလမ်း

သွား ဖြစ်သွားသည်။ mgyoe.com

အင်ဒိုလမ်းမတွေပေါ်မှာလည်း မော်တော်ဆိုင်ကယ်တွေကို ဖောချင်းသောချင်း တွေ့ရသည်မို့ မြင်နေရသည့် မြင်ကွင်းက မြန်မာပြည်နှင့် သိပ်မကွာလှဟု ထင်သည်။ ကွဲပြားခြားနားသည့် မြင်ကွင်းတစ်ခုက ကားပေါ်မှ လှမ်းမြင်နေရသည့် ဟိုးခပ်ဝေးဝေးဆီမှ မီးတောင်သေကြီးနှစ်လုံး ဖြစ်သည်။ ထိပ်ဖျားပိုင်းမှာလည်း မိုးသားတိမ်လိပ်တွေ ရစ်သိုင်းလို့။ ဂျပန်ပြည်မှ 'ဖူဂျီယာမာ' တောင်ကြီးနှင့် အတော်လေးဆင်သည်။ ထိုတောင်ကြီးများသည် ဂျားဗားကျွန်းအား ပင်လယ်ထဲ၌ ခိုင်ခိုင်မြဲမြဲ စွဲနေစေဖို့ 'နှက်' ထားသည့် သံမှိုကြီးများဖြစ်သည်ဟု ဒေသခံတို့က ယုံကြည်ကြ၏ဟုဆိုသည်။

(၄)

ရောက်ပြီး နောက်တစ်နေ့ နံနက်ခင်း၌ နံနက်စာပင် မစားသေးမိ ဗောရောဗုဓောစေတီတော်ကြီး ရှိရာသို့ ထွက်လာခဲ့ကြသည်။ မိမိတို့ စတည်းချရာ 'ဆင်ပကာဗီလာ'(၂) တည်းခိုခန်းမှ မိနစ် ၂၀ ခန့် လမ်းလျှောက်ကာမျှဖြင့် စေတီတော်ကြီး၏ ခြေတော်ရင်းသို့ ရောက်သည်။ ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ၊ 'အင်ဒိုနီးရှား၏ အားလပ်ရက် အထူးရက်သတ္တပတ်' ဟု အမည်ပွာယ်ရသည့် ဆိုင်းဘုတ်ကြီးများကို အထင်ကရနေရာတို့၌ စိုက်ထူထားသည်ကို သတိထားမိသည်။ မိမိတို့ ရောက်သည့် နေ့က ဒီဇင်ဘာ ၂၇ ရက်ဆိုတော့ ထိုနိုင်ငံ၏ ခရီးသွားရက်သတ္တပတ်နှင့်လည်း တိုက်ဆိုင်နေခဲ့သည်။

စောစောစီးစီး ထွက်လာခဲ့သည်မို့ "ဟိုရောက်ရင် တို့သုံးပါးရယ်၊ ဘုရားစောင့်ရယ်၊ ဘုရားဈေးသည်ရယ်လောက်ပဲ ရှိမယ်ထင်ပါရဲ့" ဆိုသည့် အထင်က ပါစင်အောင်လွဲတော့သည်။ စေတီတော်ကြီး အဝင်နယ်မြေထဲ ရောက်သည်နှင့် သည်းသည်းလှုပ်နေသည့် လူအုပ်ကြီးနှင့် တန်းတိုးသည်။ စေတီတော်ကို ဦးတိုက်နေသည့် ဘယ်ညာ လမ်းမကြီးနှစ်သွယ်၌ ဘုရားဖူးတွေက ပြတ်သည်ဟု မရှိ။ စေတီတော်ပရိဝုဏ်နယ်မြေက အကျယ်ကြီးဖြစ်သည်။ စိမ်းလန်းမြက်ခင်းပြင်ကျယ်ကြီးများ၊ ရာသီအလိုက်ပွင့်နေသည့် ပန်းခြံပန်းရုံများ၊ အနိမ့်အမြင့်မညီသည့် ကျောက်ခင်းလမ်းသွယ်များ စသည်ဖြင့် မြင်လေရာရာက ပန်းဥယျာဉ်ကြီးတစ်ခုပမာ ပသာဒတင့်လှဘိသည်။

mgyoe.com

စေတီကြီးက ကုန်းမြင့်သာ၌ တည်ထားလေသည်မို့ အတက်လမ်းက သိသိသာသာ မော့တက်သွားသည်။ လမ်းခုလတ် ဥယျာဉ်မြေ၌ အပျော်တမ်းမြင်းစီးသူစီး၊ ဆင်စီးသူစီး၊ မြားပစ်သူပစ်ဖြင့် စည်စည်ကားကားရှိသည်။

(၅)

ရောက်လာသမျှ ဘုရားဖူးအုပ်စု၌ မျက်နှာစိမ်းညှော်သည်တို့က အနည်းစုသာ ရှိသည်။ အများစုက ဒေသခံ အင်ဒိုနိုင်ငံသားတို့ဖြစ်သည်။ ဒေသခံတို့၏ မျက်နှာသွင်ပြင်၌ နှစ်လိုဖွယ်ရာကောင်းသည့် နွေးထွေးခင်မင်မှုကို တွေ့ရသည်။ ကျောက်တုံးကျောက်သားများဖြင့် တည်ဆောက်ထားသည့် စေတီတော်ကြီး၏နံရံတိုင်း၌ အံ့မခန်းစွာသော ကျောက်ဆစ်လက်ရာများကို တစ်သီတစ်တန်းကြီး တွေ့ရသည်။ ပစ္စယံငါးဆင့်စလုံး၏ လေးဘက်လေးတန် နံရံတို့၌ ကျောက်ဆစ်လက်ရာ လွတ်သည့်နေရာဟု မရှိ။ "ငါးရာ့ငါးဆယ်နိပါတ်တော်တွေကို တစ်ခုမကျန် သရုပ်ဖော်ထားတာများလား" ဟု မိတ်ဆွေဦးဇင်းက မှတ်ချက်ပြုသည်။ တကယ်တော့ သူ့အဆိုကလွန်အံ့မထင်။

ခေါင်းမြီးခြုံထားသည့် အင်ဒိုသူလေးများက အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ပါဟု ဆိုကြသည်။ သူတို့နယ်မြေ၌ မိမိတို့၏သွင်ပြင်မူရာက အတန်အသင့် ထူးဆန်းနေခဲ့တာလည်း ဖြစ်ကောင်းဖြစ်မည်။ သူတို့အဆိုကို မိမိတို့ကလည်း မငြင်းခဲ့။ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ အချို့ကလည်း မိသားစုလိုက် ဝိုင်းလာပြီး ဓာတ်ပုံတွဲရိုက်ကြသည်။ နောက်တော့ အင်ဒိုလူငယ်လေးတွေလည်း ရောက်လာကြသည်။ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကားသူမသိ။ သူရော ကိုယ်ရော သိကြသည့်စကားလုံးက 'ဖိုတို' နှင့် 'သိုင်းကျူး' လောက်ပဲ ဖြစ်သည်။

(၆)

ထိုနေ့ တစ်နေ့တည်း ဗောရောဗုဓော စေတီတော်ကြီးသို့ သုံးခေါက်တိတိ ရောက်ခဲ့သည်။ တည်းခိုနေရာကလည်း မလှမ်းမကမ်းမှာဆိုတော့ သွားလိုက်လာလိုက်၊ ဆင်းလိုက်တက်လိုက်ဖြင့် မောသည်ပင် မထင်မိခဲ့။ ဂိတ်ဝင်ကြေးအဖြစ် ၁၀ ဒေါ်လာပေးရသည်။ အဆင်းဘက်ခြမ်း ပတ်လမ်း၌

'ဗောရောဗုဓော‌ပြတိုက်' ရှိသည်။ပြိုကျခဲ့လေသော ကျောက်သားတုံးနှင့် ကျောက်ဆစ်လက်ရာများကို မြက်ခင်းပြင်ကျယ်လွင်ပြင်၌ အကွက်ကျကျ ခင်းကျင်းထားသည်ကို တွေ့ရသည်။ ပြတိုက်၏ ခန်းမဆောင်အတွင်း၌ ရှေးခေတ်လက်ရာမွန်အချို့နှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံ အချို့ကိုလည်း ခင်းကျင်းပြသထားသည်။

စေတီတော်ကြီး၏ ပစ္စယံအဆင့်တိုင်း၌ အကျိုးအပဲ့ အပျက်အစီး ပုံသွင်ဖြင့် ကြွင်းကျန်ရစ်သည့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို မြင်နေရသည့်အဖြစ်က စင်စစ် ဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။ စေတီတော် နယ်မြေအစွန်ရှိ ဈေးတန်းကို ဖြတ်သန်းမိချိန်၌ အမှတ်တရ ပစ္စည်းရောင်း သည့် ဈေးသည်အဖွဲ့ကို ဘယ်လိုမှ ရှောင်မလွတ်နိုင်ခဲ့။ သူ့ထက်ငါ အလု အယက် ဝိုင်းအုံပြီးရောင်းကြသည်။ သူတို့ ပြောလေသမျှ တွတ်တီးတွတ်တာ စကားအစဉ်၌ မိမိတို့ နားလည်သည့် စကားတစ်ခွန်းက "ဘဏ္ဍေ"ဖြစ်သည်။ "ဘဏ္ဍေ"ကိုတော့ စ,လယ်,ဆုံး မိုးမွန်အောင်ကို သုံးသည်။ ပြုံးများပင် ပြုံးချင်စရာ။

(၇)

(၁) ဝရဗုဒ္ဓ၊ (၂) ဝိဟာရဗုဒ္ဓ၊ (၃) ဗောရောဗုဓော (Borobudur) ဟု အမည်သုံးမျိုးဖြင့် ကျော်ကြား ထင်ရှားခဲ့သည့် ထိုစေတီတော်ကြီးကို "မည်သည့်ကာလက စတင်တည်ဆောက်သည်၊ မည်သူ တည်ဆောက်ခဲ့ သည်၊ ကာလအားဖြင့် မည်၍မည်မျှ ကြာအောင် တည်ဆောက်ခဲ့ရသည်" ဆိုသည့် မှတ်တမ်းမှတ်ရာမရှိဟုလည်း ဆိုကြသည်။ "အေဒီ (၈) ရာစုခန့်က သေလိန္ဒရမင်းတို့ တည်ဆောက်ခဲ့သည်။ မီးတောင်ချော်ကျောက်များဖြင့် နှစ်ပေါင်း (၇၀) ကြာမျှ တည်ဆောက်ခဲ့ရသည်" ဆိုသည့် မှတ်တမ်းကိုလည်း တွေ့ရသည်။

ဗောရောဗုဓောသည် ယူနက်စကိုက အသိအမှတ်ပြုထားသည့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ရှေးဟောင်း စေတီတော်ကြီးတစ်ဆူ ဖြစ်သည်။ အေဒီ (၈) ရာစုကာလက ကျောက်တုံးကျောက်သားအတိဖြင့် တည်ဆောက် ခဲ့သည့် ထိုစေတီတော်ကြီးသည် အယူဝါဒမျိုးစုံ၊ ခေတ်စနစ် အဖုံဖုံကို

ကျော်လွှားဖြတ်သန်းခဲ့ပြီး ယနေ့ကာလတိုင်အောင် မားမားမတ်မတ် တည်တံ့နေဆဲဖြစ်သည်။ "ဗောရောဗုဓော၏ ခိုင်ခံ့မှုနှင့် အနန္တဂုဏ်သိန်ကိုကား အဘယ်မည်သော ခေတ်စနစ်၊ အဘယ်မည်သော လောကဓံကမှ ဖြိုဖျက်၍ မရစကောင်း" ဟု စိတ်ထဲက ယုံကြည်နေမိပါသည်။

Daily Eleven
(6-1-2017)

အချက်အလက်
– အင်တာနက်

❑

mgyoe.com

mgyoe.com

# တောင်ပေါ်ကပင်လယ်

(၁)

ခရီးစဉ်တစ်ခုအတွက် နံနက်ခင်းကို မရွေးဘဲ ညခင်းကို ရွေးချယ်ရသည့် အခါမျိုးကိုလည်း ရံခါ ကြုံရတတ်သည်။ မနှစ်က ကျိုက်ထီးရိုးကို အုပ်စုဖွဲ့၍ ဘုရားဖူးသွားဖြစ်သည်။ မန္တလေးမှ ကားစထွက်ချိန်က သန်းခေါင်ယံ ၁၂ နာရီ တိတိ။ ထိုအုပ်စုနှင့်ပင် ယခုနှစ် တောင်ကြီးအင်းလေးဘက်ကို တက်ဖြစ် ပြန်သည်။ စတင်ထွက်ခွါချိန်က ညနေခြောက်နာရီတိတိ။

"ကားဆရာ၊ ခင်ဗျား ဒီလမ်းကို ကျွမ်းတယ်မဟုတ်လား" မေးမိ တော့ "တစ်ခေါက်မှ မရောက်ဖူးဘူး ဘုရား" ဟု ဆိုသည်။ နိဗ္ဗာန်ဆော် ကိုစိုးကြည်ကို မေးမိပြန်တော့ "ဒါပထမဆုံးအခေါက်ပဲ ကိုယ်တော်၊ မေးမြန်း သွားကြတာပ" ဟု ဆိုပြန်သည်။ ထိုခရီးလမ်းက မိမိနှင့် သိပ်တော့မစိမ်း။ ထိုခရီးကို သုံးလေးခေါက်လောက် ရောက်ဖူးသည်။ သို့သော် ယခင့်ယခင် အခေါက်များက ကားပြေးနေသည့်နောက် အသာလေး မှေးလိုက်ခဲ့ရုံသာ၊ မိမိက ဘာမှအားစိုက်ဖို့မလို။ ခုတော့၊ ထိုသို့မဟုတ်ပြီ။ မျက်စိကိုဖွင့် နားကို စွင့်၍ အသင့်အနေအထားဖြင့် သွားခဲ့ရသည့် ခရီး။

(၂)

သာစည်က အရှေ့စူးစူးကို ဆက်မောင်းချိန်၌ ယာဉ်အသွားအလာ က သိသိသာသာ ကျဲပါးသွားသည်။ လမ်းဘေးဝဲယာကို ကြည့်မိတော့

mgyoe.com

ပကတိအမှောင်။ ဘာဆိုဘာမှ မမြင်ရ။ ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထု တစ်ပုဒ်၌ ပါသည့် ရွာမွန်သာက သည်နယ်မြေမှာရှိသည်။ ငါတို့ အခုရောက် နေတာက ရွာမွန်သာအနားမှာလား။ ဒါမှမဟုတ်၊ ရွာမွန်သာကို ကျော်ခဲ့ပြီ လား။ ဟိုး အမှောင်ထဲက မည်းမည်းသည်းသည်း သစ်ပင်အုပ်ကြီးတွေရဲ့ နောက်မှာ အုတ်ဂူလေးတစ်လုံးတစ်လေများ ရှိနေခဲ့လေမလား။ စိတ်က နွေကန္တာဦးရှိရာ ကို အလည်ရောက်သွားသည်။ တောင်ခါးပန်းနေရာ အချို့၌ အလျှံတငြီးငြီး တောက်လောင်နေသည့် တောမီးတို့ကို တွေ့ရသည်။ အချို့ နေရာ၌ ကွေ့ကွေ့ ဝိုက်ဝိုက်၊ အချို့နေရာ၌ အလျားလိုက်။

ကလေးကို ရောက်တော့ ၁၂ နာရီခွဲပြီ။ ကလေးပြီးတော့ အောင်ပန်း ကို ရောက်သည်။ ကားလမ်းက မြို့ထက်မြင့်သည်မို့ မြို့ကို အပေါ်စီးမှ လှမ်းမြင်နေရသည်။ လျှပ်စစ်မီးလုံးများက ပြိုးပြိုးပြက်ပြက် တလက်လက်။ အောင်ပန်းကို ဖြတ်နေရသည့်အခိုက်က ကြယ်ပန်းခင်းကြီးထဲ ဖြတ်ပြေးနေရ သည့်အလား။ အောင်ပန်းဆီဆိုင်မှာပဲ ကားကို ဆီဖြည့်သည်။ ရှေ့နားရောက် တော့ လမ်းဘေးမှာ မီးလှုံနေကြသည့် ရှမ်းကြီးများကို တွေ့သည်။ 'ပင်းတယကို ဘယ်ကသွားရသလဲ' မေးမိတော့ 'နာရီစင်လမ်းခွဲကနေ ဘယ်ဘက်ကိုချိုး' ဟု အလုအယက် ဖြေကြသည်။

(၃)

ပင်းတယကိုရောက်တော့ နာရီပြန်နှစ်ချက် ထိုးလုပြီ။ ပင်းတယကို ဝင်ဝင်ချင်း မြို့နယ်ဓမ္မာရုံ အဝင်မုခ်ဦးကြီးနှင့် တန်းတိုးသည်။ မုခ်ဦးရှေ့ရှိ ကွက်လပ်၌ ကားရပ်ပြီး ကားထားဖို့ နေရာရွေးနေစဉ် မုခ်ဦးသံတံခါးကြီး ရှိရာသို့ လျှောက်လာသော ဂေါပကဒကာတစ်ဦးကို တွေ့သည်။ အကျိုး အကြောင်း ပြောပြတော့ သူက တံခါးဖွင့်ပေးပြီး မိမိတို့ကို ဓမ္မာရုံကြီးပေါ်ခေါ် သွားသည်။ ဓမ္မာရုံကြီးက အကြီးကြီး။ မိမိတို့အရင် အိပ်နှင့်နေကြသည့် ဘုရားဖူးခရီးသည် အဖွဲ့ကိုလည်း တွေ့ရသည်။

မနက်မိုးလင်းတော့ ဓမ္မာရုံနောက်ကျော၌ ဖွင့်ထားသည့် ဆိုင် ကလေးမှာ နံနက်စာ စားသောက်ကြပြီးနောက် ရွှေဥမင်လိုဏ်ဂူဘုရားကို တက်ကြသည်။ သုခနေမင်းသားက ပင့်ကူကြီးကို မြားဖြင့်ချိန်ရွယ်နေဟန်

အရုပ်ကြီးနောက်ခံဖြင့် ကလေးတွေ ဓာတ်ပုံရိုက်နေကြသည်ကို တွေ့သည်။ ရွှေဥမင်လိုဏ်ဂူအတွင်း၌ ရှေးရှေးသော ဘိုးဘွားအစဉ်အဆက်တို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသည့် နံရံကပ် ဆင်းတုတော်တွေက အများကြီး။ မျက်နှာကြက် ကျောက်သားနံရံမှ သဘာဝအတိုင်း တွဲလွဲကျနေသည့် ကျောက်ဥအခက်အလက်တွေကလည်း အများကြီး။

လိုဏ်ဂူဘုရားများအတွင်းမှအထွက် ဓမ္မာရုံကြီးထဲ၌ လက်ဖက်ရည်ဝိုင်း လေးငါးဝိုင်းကို ပြင်ဆင်ထားသည်။ ရောက်လာသမျှ ဘုရားဖူးဧည့်တို့က လက်ဖက်ရည်ကြမ်းကို ငုံ့သောက်နေကြသည်။ ထိုလက်ဖက်ရည်ဝိုင်းကို မထိုင်ခဲ့ဘူးဆိုလျှင်တော့ ပင်းတယ၏အလှတရားကို မျက်နှာလွှဲရာ ရောက်ချိမ့်မည်။ ထိုသို့ကား အဖြစ်မခံ။ လေးငါးခွက်မျှ ခွက်ဆင့်မော့သောက်ပြီးသကာလ ပင်းတယ၏စေတနာဒိသာကုသိုလ်ကို အနုမောဒနာ ပြုခဲ့ရသေးသည်။

(၄)

ပင်းတယမှ ဟဲဟိုးသို့ ဆက်လက်ထွက်ခွာစဉ်လမ်းကြားမှ လူတစ်ယောက်ထွက်လာပြီး ကားဆရာကို လိပ်စာကဒ်ပေးသည်။ နောင်လွယ်လမ်းခွဲ အလွန်ရောက်တော့ နောက်တစ်ယောက်က ကားကိုလက်တားပြီး လိပ်စာကဒ် ပေးပြန်သည်။ ထိုလိပ်စာကဒ်က သူတို့စက်လှေဂိတ်ကို ဆက်သွယ်နိုင်ဖို့ ဖြစ်သည်။ "ဟိုရောက်ရင် ဒီဖုန်းနံပါတ်နဲ့ ဆက်သွယ်လိုက်ပါ၊ ကျွန်တော်တို့အိမ်မှာလည်း တည်းခိုလို့ရပါတယ်၊ တည်းခိုခမပေးရဘူး၊ အခမဲ့" ဟုလည်း ဆိုသည်။ သို့သော် အရင်တစ်ခေါက်က လိပ်စာပေးထားသည့် စက်လှေပိုင်ရှင်ကို မိမိတို့က ချိတ်ဆက်ထားပြီး ဖြစ်နေသည်။

လမ်းကြောတစ်လျှောက်၌ ပွင့်စပြုနေသည့် စိန်ပန်းပြာနှင့် လက်ပံပင်အချို့ကို ကြိုကြားကြိုကြား တွေ့ရသည်။ တောင်ပေါ်မှာ လက်ပံရှိမည်ဟု မိမိ တစ်ခါမျှ ထင်မထားခဲ့။ ရေပူစမ်းသို့ရှစ်မိုင်ဟု စာထိုးထားသည့် လမ်းခွဲရောက်တော့ စက်လှေသမားများက အလုအယက် ဖိတ်ခေါ်ကြပြန်သည်။ သူတို့ကို ခေါင်းခါငြင်းဆိုပြီး တောင်ကြီးကိုတက်သည်။ တောင်ကြီးကတော့ တကယ့်ကို တောင်ကြီးဖြစ်သည်။ တောင်ကြီးကိုမရောက်မီ တောင်စဉ်တန်းတွေအများကြီးကို ကျော်ဖြတ်ပြီးမှ တောင်ထိပ်ကို ရောက်ခဲ့ရသည်။ တောင်ထိပ်ကို

ရောက်တော့လည်း တောင်ကြီးတွေက မဆုံးသေး။ တောင်ကြီးကို ဆက်တက်ရပြန်သည်။ 'တောင်ကြီးမြို့မှ ကြိုဆိုပါ၏' ဆိုင်းဘုတ်ကို လွန်သည်အထိ တောင်တွေက မဆုံးချင်။ တောင်ကြီးမြို့ကို ရောက်ပြီးကာမှ မြို့ပေါ်မှာ ပေါက်ရောက်နေသည့် တောင်ကြီးကို ထပ်တွေ့နေရသေးသည်။ ထိုအရပ်က တောင်တွေပေါ် တောင်တွေဆင့်ထားသည့်အရပ်။ ဒါ့ကြောင့်လည်း "တောင်ကြီး" ခေါ်ကြသည် ထင်ပါရဲ့။

(၅)

တောင်ကြီးမြို့၏ အထင်ကရပွဲတော်ဖြစ်သော မီးပုံပျံပွဲတော် ကျင်းပရာ ကွင်းကြီးအနီး၌ တည်ထားသည့် စူဠာမဏိစေတီကို ရောက်တော့ ၁၂ နာရီ ထိုးလုပြီ။ ပါလာသည့် ဆွမ်းချိုင့်ကို ဖြေပြီး သစ်ပင်အောက်က ထိုင်ခုံလေး တစ်ဝိုက်မှာ နေ့လယ်စာ စားကြသည်။ ပြီးမှ ဘုရားကို ဖူးရသည်။ ထို့နောက် ဟိုပုန်းကို ခရီးဆက်သည်။ ထမ်စမ်းဂူသို့ အရင်တစ်ခေါက် ရောက်ခဲ့စဉ်က မိုးရာသီက မကုန်သေးချိန်မို့ ပတ်လည်ဝဲယာ မြင်ကွင်းတို့က စိမ်းစိမ်းမြမြရှိဘိသည်။ သည်တစ်ခေါက်ခရီးရက်က မတ်လထဲကို ရောက်ပြီမို့ ဘယ်ဆီကို ကြည့်လိုက်ကြည့်လိုက် မြင်ကွင်းတွေက ညို့ယော်ခြောက်သွေ့ နိုင်လှသည်။

လမ်းခရီးတစ်ကြော၌ ဟိုပုံးမှ လွိုင်ကော်သို့ ၈၅ မိုင်၊ လွယ်လင်သို့ ၁၂၈ မိုင်၊ တာချီလိတ်သို့ ၃၇၂ မိုင် ဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်များကို တွေ့သည်။ ဝတ်စုံအနက်လေးများ ဆင်မြန်း၍ တဘက်ကိုခေါင်းပေါင်းကာ အလှူခံနေကြသည့် ပအိုဝ်မလေးများကို တွေ့သည်။ 'နောင်တောင်း ဗုဒ္ဓကောလိပ်၊ ဟိုပုံးမြို့' ဆိုသည့် ဆိုင်းဘုတ်ကို တွေ့သည်။ ဖွားကောင်းစံ စားသောက်ဆိုင်ကို တွေ့သည်။ ပင်းတယ, တောင်ကြီး, ဟိုပုံး တစ်ဝိုက်၌ မြေတွေက အနီရောင် ဖြစ်သည်။ မြေအချို့က အနီအဝါစပ်သည့် အနီဖြစ်ပြီး မြေအချို့က ညို့နေအောင်နီသည့် မြေနီတွေ ဖြစ်သည်။ အိမ်ရှေ့ချိတ်ထားသည့် လှည်းဘီးမှာပင် မြေနီတွေက လူးနေသည်။ တကယ့် အနီမြေ။

mgyoe.com

mgyoe.co
(၆)

ပြည်ထောင်စုလမ်းမကြီး အတိုင်း ထမ်စမ်းဂူမှ ပြန်ဆင်းခဲ့သည်။ လိပ်စာကတ်ပေးထားသည့် ကိုညိုကို လှမ်းဖုန်းဆက်တော့ သူက ခေါင်တိုင်လမ်းခွဲမှ လာစောင့်သည်။ အင်းလေးခေါင်တိုင်ရှိ သူ့အိမ်မှာ တစ်ညအိပ်သည်။ မိမိတစ်သက်၌ ထိုမျှ တိတ်ဆိတ်ငြိမ်သက်သည့် ရွာမျိုးကို မတွေ့မိဖူးခဲ့။ ညကိုးနာရီ မထိုးခင်ကတည်းက တစ်ရွာလုံး တိတ်ဆိတ်နေတော့သည်။ 'အိမ်ခြေ ဘယ်လောက်ရှိသလဲဗျ' မေးမိတော့ သုံးရွာပေါင်း အိမ်ခြေ တစ်ထောင်ကျော် ရှိသည်တဲ့။ အံ့များပင် အံ့စရာ။

နွေဦးမို့ နေ့ခင်းမှာ အပူရိပ်အပူရောင်ပြသော်လည်း ခေါင်တိုင်ညက သိသိသာသာ အေးသည်။ မနက် မိုးလင်းတော့ အိမ်ဘေးက မီးဖိုပိုင်းမှာ ဝင်ပြီး မီးကင်ရသေးသည်။ မီးဖိုဘေးသို့ ကလေးမလေးများ ရောက်လာပြီး ဘုရားမှာ ကပ်လှူဖို့ ရွှေဆိုင်းနှင့် စင်ယော်စာများကို လာရောင်းကြသည်။ တည်းခိုရာအိမ်၏ ခေါင်းရင်းဘက်ကို ဆက်လျှောက်တော့ အင်းလေးအစပ်ကို ရောက်သည်။ ပင်မအင်းလေးကန်မှ ရေကို သူတို့ရွာထိပ်သို့ ရောက်လာအောင် မြောင်းဖောက်ပြီး သွယ်ယူထားသည်။ မြောင်းက ဘာမျှမကျယ်။ စက်လှေနှစ်စီး ရှောင်သာရုံကလေးပဲ ရှိသည်။ ခရီးတစ်ဝက်ရောက်တော့ စက်လှေက အမှတ်တရပစ္စည်း အရောင်းဆိုင်တစ်ဆိုင်မှာ ရပ်ပေးသည်။ အမှတ်တရအဖြစ် ဘုရားသောက်တော်ရေကပ်ဖို့ ကြာကလပ်ခံသည့် ငွေဖလားတစ်လုံး ဝယ်ခဲ့သည်။

(၇)

အလိုတော်ပေါက်ဘုရားကို ကမ်းကပ်ချိန်၌ မိမိတို့ စက်လှေနံဘေးသို့ မိန်းမကြီးနှစ်ဦး လှော်လာသည့် လှေကလေးတစ်စင်း လာပူးပြီး ဘုရားပန်းများ လာရောင်းသည်။ အချို့လှေများက ဒေသထွက် စားသောက်စရာတို့ကို ရောင်းသည်။ အသီးအနှံတွေလည်း ပါသည်။ ငါးကြော်၊ ပုစွန်ကြော်တွေလည်း ပါသည်။ အရင်အခေါက်များက အင်းလေးကို ရောက်လျှင် ဘုရားကျောင်းဆောင်၏ မျက်နှာစာအခြမ်း၌ စက်လှေများ ဆိုက်ကပ်လေ့ရှိသော်လည်း ယခုအခေါက်တော့ စက်လှေတွေက ဘုရား၏ နောက်ကျောဘက်မှာ

သွားဆိုက်သည်။gyoe.com

ရေခန်းနေသည့် အင်းလေးကန်ကြီးနှင့် ဖောင်တော်ဦးစေတီ တွဲရိုက်ထားသည့် ဓာတ်ပုံအချို့ကို အွန်လိုင်းမှာ မြင်ခဲ့ရဖူးသည်။ ယခု မြင်နေရသည့် မြင်ကွင်းက ထိုမျှလောက်တော့ မဆိုးသေး။ သို့သော်၊ ယခင့်ယခင် အခေါက်များကလို ရေတွေလျှံနေသည့် မြင်ကွင်း မဟုတ်သည်ကတော့ သေချာသည်။ ဒီရေတွေက ဒို့ထက်ခမ်းဦးမှာလား၊ စက်လှေသမားကို မေးမိတော့ "သင်္ကြန်နောက်ပိုင်းဆို ဒို့ထက်ခမ်းပြီပ ကိုယ်တော်၊ အဲဒီအခါကျ အခုလို မသွားနိုင်တော့ဘူး။ စေတီနားကို တစ်စီးချင်း ကပ်ရသည်ပ" ဟု သူကဆိုသည်။

တောင်ပေါ်မှာ သည်လောက်ကျယ်ပြန့်လှပသည့် အင်းရေပြင်ကျယ်ကြီး ရှိနေခြင်းကို နိုင်ငံခြားသားများက တအံ့တသြ ဖြစ်ကြသည်။ သူတို့က အင်းလေးကန်ကို 'တောင်ပေါ်ကပင်လယ်'ဟု တင်စားပြောဆိုကြပါသတဲ့။ "တောင်ပေါ်က ပင်လယ်ကြီး ထာဝရလှပနေပါစေ"ဟု အပြန်လမ်း၌ တိုးတိုးတိတ်တိတ် ဆုတောင်းနေမိသည်။

Weekly Eleven
(6-3-2017)

❑

mgyoe.com

mgyoe.com

# အကောက်တောင်

(၁)

ရန်ကုန်ကိုရောက်တော့ မှောင်စပျိုးပြီ။ ရာသီက မိုးတွင်းပေမို့ ရန်ကုန်က လည်း မိုးနှင့်ကြိုပါသည်။ ရန်ကုန်မှာ တစ်ညအိပ်ပြီး နောက်နေ့မနက်မှာပဲ ကနောင်မင်းသားကားကို စီးကာ အားချင်း ခရီးဆက်သည်။

လှည်းကူးကို ဖြတ်တော့ နေထွက်တစ်ပြု။ မနက်ခင်း ခြောက်နာရီ ဝန်းကျင်။ မနေ့ညခင်းက မိုးရွာခဲ့သော်လည်း ခုမနက်တော့ နေသာသည်။ ထောက်ကြန့်၊ မှော်ဘီ၊ တိုက်ကြီးတို့ကို ဖြတ်ခဲ့သည်။ ဥက္ကံရောက်တော့ အဖြူအစိမ်း ဆရာမတစ်သိုက် ကားပေါ်မှ သုတ်သုတ်ရုတ်ရုတ် ဆင်းသွား ကြသည်။ ဒါက သူတို့၏ နိစ္စဓူဝခရီးစဉ်ပဲ ဖြစ်မည်။ ဘွတ်ကုန်းကို လွန်ချိန်၌ စိမ်းဖန့်ဖန့် လယ်ကွင်းများ၏အလှက အမြင်အာရုံထဲ တန်းတန်းမတ်မတ် ဝင်လာသည်။ မြင်လေရာရာ အစိမ်း။

ရန်ကုန်ဧရိယာကို လွန်တော့ ပဲခူးနယ်စပ်ထဲ ရောက်လာသည်။ လက်ပံတန်းသို့နှစ်မိုင်။ ကျေးနီရွာ။ မင်းလှမြို့နယ်အစ။ သွားရင်းလာရင်း လမ်းဘေးဆိုင်းဘုတ်တွေကို ဖတ်ဖြစ်သည်။ ကားက ကြို့ပင်ကောက်မှာ ခဏရပ်သည်။ ဇီးကုန်းကို ရောက်တော့ ၁၀ နာရီကျော်ပြီ။ ဇီးကုန်းပြီးတော့ နတ်တလင်း။ မျက်လုံးကို ကစားလိုက်တော့ နတ်တလင်းတဲ့၊ နတ္တလင်းတဲ့။ သူက ရေးထုံးနှစ်မျိုးဖြင့် ကမ္ပည်းတင်သည့်မြို့။ နတ်တလင်းက စည်ကားပုံ တော့ရသည်။ ရှေ့ဆက်တော့ ပေါင်းတည်။ သို့မဟုတ် ဆရာသော်တာဆွေ

mgyoe.com

တို့နယ်။ ဆရာက ပေါင်းတည်နယ် ကြို့ဗင်ရွာဇာတိ။ ပေါင်းတည်ကို ရောက်တော့ လမ်းဘေးဝဲယာမှာ ဈေးတန်းရှိနေသည်မို့ ကားကို အရှိန်လျှော့မောင်းရသည်။ မေးကြည့်တော့ ပေါင်းတည်စွယ်တော်ပွဲ ရှိဟယ်လေတဲ့။ ဟုတ်ပေသား။ ထိုပွဲတော်က ဂေဇက်ဝင်ဘုရားပွဲတော်ကြီး တစ်ခုပေပဲ။ တိုက်တိုက်ဆိုင်ဆိုင် ပွဲတော်ရက်မှာမှ ပေါင်းတည်ကို ခရီးသွားဟန်လွှဲ ရောက်လာရသည်။ လမ်းဘေးကို ဖျတ်ခနဲ ကြည့်မိတော့ မန္တလေးက မုန့်သိုင်းမြှသည်တွေ ဆိုင်ခင်းနေသည်ကို တွေ့သည်။ ပုသိမ်က ဟာလဝါသည်တွေကိုလည်း တွေ့သည်။ ဘုရားပွဲဈေးတန်းကတော့ ယခုတိုင် မြန်မာ့ဓလေ့နှင့် ရှေးမူကို တောင်ခံထားနိုင်ဆဲပဲ ထင်ပါရဲ့။ ရှေ့ကိုဆက်တော့ ဝက်ပုတ်။ အင်းမ။ အင်းမမှာ နေ့လယ်စာစားဖို့ ကားရပ်ပေးသည်။

ရှေ့ကိုဆက်တော့ ရွှေတောင်။ ပြည်။ ရွှေတောင်ကို ဖြတ်တော့ ရွှေတောင် ဆရာလွန်းဆိုသည့် အမည်နာမကို လာကြားသည်။ ရွှေတောင် ဆရာလွန်း၊ သို့မဟုတ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း။ ဆရာကြီးက ရွှေတောင်နယ်သား။ ဝါးလယ်ရွာဇာတိ။ ပြည်မှာ အထင်ရှားဆုံးကတော့ ရွှေဆံတော်စေတီနှင့် စာဆိုတော် နဝဒေးကြီး။ ဒီဘက်ခေတ်မှာ ပြည်ကို သိမ်းပိုက်ခဲ့သူ နှစ်ဦးကတော့ ကဗျာဆရာ မောင်ချောနွယ်နှင့် ဂီတ, ပန်းချီ ပညာရှင် ကိုခင်ဝမ်းတို့ပဲ ဖြစ်မည်ထင်ပါသည်။ ပြည်က ထွက်တော့ ပန်းတောင်နယ်ထဲကို ဝင်သည်။ ဥသျှစ်ပင်မှာ ခေတ္တနားသည်။ ဥသျှစ်ပင်က လမ်းဆုံ။ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း ဆုံရာအရပ်ဖြစ်သလို ရခိုင်ပြည်နယ်၏ အဝင်ပေါက်လည်း ဖြစ်သည်။ ကနောင်မင်းသားက မြန်အောင် ကြံခင်းဘက်ကို ဆက်မောင်းသည်။ ကိုယ်တို့က ထုံးဘိုမှာပဲ ဆင်းနေရစ်ကြသည်။ ကိုယ်တို့၏ ဦးတည်ရာခရီးက အကောက်တောင်။

(၂)

ထုံးဘိုကလည်း နယ်နယ်ရရတော့ မဟုတ်။ သူက အဘဓာနည် ခေါင်းဆောင်ကြီး သခင်မြ၏ မွေးရပ်မြေ။ ထုံးဘိုအစွန်းရှိ ရွာကလေး တစ်ရွာ၌ တစ်ညအိပ်ပြီး မနက်စောစောပဲ ဧရာဝတီမြစ်ဆိပ်ကို ဆင်းခဲ့ကြသည်။ မြစ်ဆိပ်ရောက်တော့ "ဗုဒ္ဓတစ်ထောင် အကောက်တောင်သို့" ဆိုသည့်

လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့သည်။ ကမ်းစပ်၌ အမိုးတပ်ဆင်ထားသော စက်လှေကလေးများက ဗလာချည်း ဘယ်ညာလူးနေကြသည်။ ခရီးသွားတို့ အသုံးတည့်မည့် ဝါးခမောက် ရောင်းသည့် ဆိုင်ကလေးများလည်း ရှိသည်။ ရာသီက မိုးတွင်းဖြစ်သည့်အထဲ ကိုယ်တို့ရောက်ချိန်က စောလွန်းသေးသည်မို့ ခရီးသွားတို့ကို သိပ်မမြင်မိသေး။

စက်လှေထဲဝင်တော့ အခြားမိန်းမငယ်နှစ်ဦးလည်း ပါလာသည်။ အစကတော့ သူတို့လည်း တစ်လှေတည်းစီးတွေ ထင်ပါရဲ့ တွေးမိသေးသည်။ အဖြစ်က ထိုသို့ မဟုတ်။ ခရီးစဉ်နှင့်ပတ်သက်၍ သမိုင်းကြောင်းကို ပြောပြဖို့ ဆိုင်ရာက ထည့်ပေးလိုက်ခြင်းဟု နောက်မှသိရသည်။ ဒုတ်ဒုတ် ဒုတ်ဒုတ် စက်သံပေး၍ စက်လှေနိုးပြီး မကြာမီတစ်ယောက်က တောင်ရှိရာဘက်ကို မျက်နှာမူ၊ ဒူးတုပ်၊ လက်အုပ်ချီပြီးနောက် သမိုင်းကြောင်းကို စတင် သရဇ္ဈာယ်သည်။ ဆူညံ စက်သံကြားမှပင် အတော်အောင်မြင်သော သူ့အသံကို သတိထားမိသည်။

အကောက်တောင်သည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့ဘက်ခြမ်း၊ ဧရာဝတီမြစ်ကမ်းစပ်၌ ရှိသည်။ တောင်ပေါ်သို့ တောင်တက်ကားလမ်းလည်း ခရီးပေါက်သည်။ သို့သော် တောင်ကမ်းပါးယံ၌ တည်သည့် နံရံကပ်စေတီတော်များကို ဖူးမြော်လိုပါက ရေလမ်းဖြင့်သွားမှသာ အဆင်ပြေမည်။ ထိုရုပ်ပွားဆင်းတုတော်များက မြစ်ကမ်းဘက် မြင်ကွင်း၌သာ ရှိသည်။ မြစ်ကြောအတိုင်း စုန်ခဲ့မည်ဆိုပါက တိုင်းဦးစေတီမှ စတင် ဖူးမြော်ရပါလိမ့်မည်။ ပဲခူးတိုင်း၏ အဦးအဖျား၌ တည်ထားကိုးကွယ်သော စေတီဖြစ်သောကြောင့် တိုင်းဦးစေတီဟု ဒေသခံတို့က ခေါ်ကြသည်။

ထိုတောင်တန်းသည် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၏ နယ်စပ်၌ တည်သည်။ တိုင်းနှစ်တိုင်း၏ ပိုင်နက်ကို ချောင်းကူးတံတားလေးဖြင့် နယ်နိမိတ်သတ်မှတ်ထားသည်။ ပဲခူးတိုင်းဘက်ခြမ်း၌ ကျောက်နံရံဘုရားပေါင်း ၂၈ ဆူရှိသည်တဲ့။ ယခင်က 'ပြည်အကောက်တောင်' ဟု အစဉ်အဆက် ခေါ်လေ့ရှိကြသော်လည်း ယခုတော့ အကောင်တောင်က ဧရာဝတီတိုင်းဘက် ခြမ်းမှာ။ စက်လှေက တောင်ခြေနှင့် နီးလာသည်နှင့်အမျှ တောင်ကမ်းပါးယံ၌ လိုဏ်မုခ်များနှင့် တည်ထားခဲ့သည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များက ပို၍

ထင်သာမြင်သာ ရှိလာရသည်။ မိုးတွင်းကာလ ရေတက်ချိန်မို့ နံရံကပ်ဘုရားများကို ယခုလို အနီးကပ် ဖူးမြော်နိုင်ခြင်းဖြစ်ကြောင်း နွေရာသီနှင့် ရေကျချိန်တို့၌ ယခုလို သဲသဲကွဲကွဲ ဖူးမြော်ခွင့်မရနိုင်ပါကြောင်း လမ်းညွှန်မိန်းကလေးက ဆိုသည်။

သူပြောပြသည့် စကားအစဉ်၌ ဗုဒ္ဓဝင်၊ ရာဇဝင်ဆိုင်ရာ အချက်အလက်အချို့လည်း ပါသည်။ အကောက်တောင်ဟု အမည်ရပုံကို ပြောပြခန်း၌ ဘုရားအလောင်းကျေးမင်းဘဝက ဖြစ်တော်စဉ်နှင့် စ၍ကိုင်သည်။ ကျေးမင်းဘဝက အစာကောက်ရာတောင် ဖြစ်သောကြောင့် 'အစာကောက်တောင်' ဟု အမည်တစ်မျိုးရှိကြောင်းလည်း ဆိုသည်။ အမည်နာမတစ်ခုအတွက် လှမ်းယူလိုက်သည့် အတိတ်က ဝေးလွန်းအံ့ထင်သည်။ ဘုရားသမိုင်းစာတို့၌ ထိုပုံထိုနည်း အကောက်အယူတို့က မြန်မာတို့၏ အစဉ်အဆက် ယဉ်ကျေးမှုတစ်ခုပေလော့ဟု ဆင်ခြင်မိဖူးသည်။ သီရိဘာဂ်လွန်မင်းလက်ထက်က ရွှေငွေကျောက်သံပတ္တမြားတို့ ပေါကြွယ်ရာဌာနမို့ ရတနာပုဥ္ဆတောင်ဟုလည်း အခေါ်ရှိကြောင်း ဆိုသည်။ ထိုအဆိုကိုတော့ ဘုရားသမိုင်းစာအုပ်မှာလည်း တွေ့သည်။

နောက်တစ်ချက်ကတော့ မြန်မာ့သမိုင်းကို အခြေခံသည်။ "တစ်ခေတ်တစ်ခါက အထက်အညာဘက်မှာ ဆန်ရှားလေသည်မို့ စားနပ်ရိက္ခာအလို့ငှာ ရန်ကုန်၊ ဘိုကလေး၊ ကျိုက်လတ်ဘက်ကို အညာသားကြီးတွေရောက်လာကြသည်။ မိုးတွင်းကာလ ရေတတ်နေချိန်နှင့် ကြုံသည်မို့ အပြန်ခက်ကြသည်။ သည်တော့ သက်ဆိုင်ရာနယ်မြေခံ အရာရှိထံ အကောက်အခွန်ပေးပြီး ထိုတောင်ခြေတစ်ပိုက်၌ နားနေကြသည်။ ထို့ကြောင့် အကောက်တောင်မည်၏" ဟုလည်း သူမက ပြောပြသည်။ "ဒီဘက်ကို လာတဲ့အခါ ဒီတောင်ကြီးကို ကွေ့ကွေ့ကောက်ကောက်ကြီး မြင်ရလို့ အကောက်တောင်ခေါ်တယ်ဆိုတဲ့ အဆိုတစ်မျိုးလည်း ရှိပါတယ်" ဟုလည်း ဆိုသေးသည်။

"ပဋ္ဌမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းကြီး လက်ထက်တော်က မြို့ဝန်ဦးကောက်ရကို ခေါ်၍ ဤအရပ်မှ ကုန်းလမ်း၊ ရေလမ်း၊ လှေစုန်လှေဆန် ခရီးသွားတို့ကို အခွန်ကောက်၍ ဆက်သရမည်ဟု အမိန့်တော်သတ်မှတ်ခဲ့ရာ မြို့ဝန်ဦးကောက်ရက ဤတောင်၏အစွန်၌ အကောက်ရုံး

ဆောက်လုပ်၍ ခရီးသွားတို့ထံမှ အခွန်တော်ကောက်ခံကာ မင်းကြီးသို့ ဆက်သရသည်။ ထိုကာလမှစ၍ ဤတောင်လည်း အကောက်တောင် အမည်တွင်ခဲ့သည်ဟု ဘုရားသမိုင်းစာအုပ်၌ ဆိုသည်ကို တွေ့ရသည်။

ဧည့်လမ်းညွှန်ပြောပြသည့် အချက်အလက်တို့၌ လှေထိုးသားကြီးတို့ ဇာတ်လမ်းက စိတ်ဝင်စားဖို့ ကောင်းသည်။ ထိုလှေထိုးသားကြီးများ အုပ်စု၌ သောက်စားမူးယစ်သူတို့ ပါသလို ပန်းပုပညာရှင်တို့လည်း ပါလာသည်တဲ့။ ပန်းပုအတတ် တတ်ကျွမ်းသူတို့က နောင်လာနောက်သားတို့ ပူဇော်ဖူးမြော်ရအောင်ဆိုပြီး တစ်ဖွဲ့လာ တစ်ဆူထု၊ နောက်တစ်ဖွဲ့လာ တစ်ဆူထုဖြင့် အဖွဲ့တွေများလာတော့ ဘုရားဆင်းတုတော်တွေလည်း အရေအတွက်များလာပြီး အဆူပေါင်းတစ်ထောင် (၁၀၀၀) အထိ ရှိလာခဲ့ရခြင်းပါဟု ဆိုသည်။

ကနဦးအစက ဗုဒ္ဓရုပ်ပွားတော်တို့ အများအပြား ရှိခဲ့ပါသော်လည်း ဂျပန်ခေတ်က ဗုံးကျည်ဆန်တွေ မှန်တဲ့အထဲမှာ အများအပြား ပါသွားခဲ့၏ဟု ဆိုသည်။ ဗန္ဒုလသား မောင်မောင်တင်ဆိုသူက သာသနာ့အလံပါသည့် စက်လှေလေးများဖြင့် အချက်ပြခဲ့သောကြောင့် နောင်သော် ထိုအန္တရာယ်စက်ကွင်းမှ လွတ်ခဲ့ရသည်။ ထိုစဉ်က ဆင်းတုတော်ပေါင်း ၈၀၄ ဆူတိတိ ကျန်သေးသည်။ ထို့နောက် မိုးဒဏ်လေဒဏ် လျှေင်ဒဏ်တို့ကြောင့် ဗုဒ္ဓရုပ်ပွားတော်တို့ ပြိုကျပျက်စီးခဲ့ရာ ယခုဆိုလျှင် ၇၆ ဆူပဲ ကျန်တော့သည်ဟု ဆိုသည်။

ကိုယ်တို့ စီးလာသည့် စက်လှေကလေးက တောင်အခြေ၌ ဆိုက်ကပ်သည်။ အချိုးအကွေ့လေးများဖြင့် ပတ်တက်သွားရသည့် တောင်တက်လမ်းဆီမှ မြင်ရသည့် ဧရာဝတီလွင်ပြင်ကျယ်က ခမ်းနားလှပသည်။ ယခင်က မြေနီလမ်းကို ဝါးလုံးလက်ရမ်း တပ်ဆင်ထားရပါသည်ဆိုသည့် ထိုလမ်းကလည်း ယခုတော့ ကွန်ကရစ်ခင်း၊ စတီးလက်ရမ်းများဖြင့် အတင့်အတယ် အပြေအပြစ် ဖြစ်ခဲ့ပါပြီ။ တောင်တက်လမ်းဘေး၌ ပေသုံးဆယ်မက ရှည်လျားသည့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးများကိုလည်း အနီးကပ် ဖူးမြော်ရသည်။ အချို့ရုပ်ပွားတော်များ အောက်ခြေ၌ ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် မြိုင်ထနေသည်။ တောင်ထိပ်ကိုရောက်တော့ ရွှေရောင်တဝင်းဝင်းဖြင့်

သပ္ပာယ်လှစွာသော ရွှေမြင်တင်စေတီတော်ကို ဖူးတွေ့ရသည်။

(၃)

"ဒီအရပ်မှာ ဗုဒ္ဓတစ်ထောင် ရှိတယ်ဆိုတဲ့ သမိုင်းစာအရ ဒီဘုရားတွေကို လိုက်ရှာခဲ့ကြပါတယ်။ တောင်နံရံတွေမှာ ရှိမယ်လို့ ဘယ်သူမှထင်မထားခဲ့ဘူး။ တောင်ပေါ်မှာပဲ လိုက်ရှာကြရင်း မတွေ့တဲ့အဆုံး လက်လျှော့နေခဲ့ကြတာ။ အဲဒီနောက် ရေကြောင်းအတိုင်း စုန်ဆန်သွားလာနေတဲ့ ဂျာမနီလူမျိုးတွေက နံရံကပ်ဘုရားတစ်ဆူရဲ့ မျက်နှာတော်ကို စတင်တွေ့ရှိရာကနေဆက်လက်ရှာဖွေရင်း ကျန်တဲ့ရုပ်ပွားတော်တွေကိုပါ ထပ်တွေ့ပြီး အခုလိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာရတာပါ" ဟု ဒေသလမ်းညွှန်သူမက ဆိုပါသည်။

တောင်ပေါ်မှ ပြန်ဆင်းချိန်၌ တောင်တက်လမ်းအခြေ၌ ထုဆစ်ထားသည့် ဧရာမ လူရုပ်ကြီးနှစ်ရုပ်ကို တစ်ချက် ပြန်ကြည့်ဖြစ်သည်။ ဝါးကိုင်ထားသည့် လူရုပ်ကြီးက လှေကို ထိုးဝါးနှင့် အားစိုက်ပြီး လှော်ခတ်ခဲ့ရပုံကိုသရုပ်ဖော်ထားခြင်းဖြစ်ပြီး ပေါင်တူကိုင်ထားသည့် လူရုပ်ကြီးက ရုပ်ပွားတော်များကို ထုဆစ်ခဲ့ကြသည့် ပန်းပညာရှင်တို့ကို ဂုဏ်ပြုသည့်အနေဖြင့် သွန်းထားခြင်း ဖြစ်သည်တဲ့။

အကောက်တောင်မှ ဗုဒ္ဓရုပ်ပွားတော်များသည် မြန်မာတို့အတွက် အဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်များ ဖြစ်သည်။ တိမ်မြုပ်နေသည့် သမိုင်းကြောင်းကို တူးဖော်ရာ၌ ပေါက်ပြား၊ သံတူးရွင်းတို့ဖြင့် မြေကြီးကို တူးဆွရခြင်းတို့ ရှိသလို ဓားမတိုတစ်လက်ဖြင့် တောထနေသည့် ခြုံနွယ်ပိတ်ပေါင်းတို့ကို ဖယ်ရှားယူရခြင်းမျိုးလည်း ရှိသေးကြောင်း အကောက်တောင်ရှိ နံရံကပ်ဗုဒ္ဓရုပ်ပွားတော်များ၏ ဖြစ်စဉ်က ပြဆိုနေသည်ဟုသာအနက်ကောက်ယူ ဆင်ခြင်မိပါသည်။

Daily Eleven
(6-10-2018)

❑

mgyoe.com

mgyoe.com

# တန့်ကြည့်တောင်

(၁)

မန္တလေးမနက်ခင်းတွေမှာ ခုတလော နှင်းတွေဘာတွေဝေလို့။ ဝေ့ဝေ့ဖွဲ့ဖွဲ့ လွင့်လာသည့် နှင်းပွင့်များနှင့်အတူ အအေးဓာတ်ကလည်း သိသိသာသာ မြင့်တက်လာသည်။ ဆောင်းတစ်နေ့၏ ညဦးပိုင်း၌ မူလအစီအစဉ်မရှိပါဘဲ ပုဂံကို ရောက်သွားသည်။ "နောက်ခန်းက နှစ်ယောက်တည်းရယ်" ဆိုသော စကားထက် "တန့်ကြည့်တောင်ကိုလည်း ရောက်ဦးမှာ"ဆိုသည့်စကားက လိုက်,မလိုက် ကိစ္စကို အဆုံးအဖြတ်ပေးခဲ့သည် ထင်သည်။

အာနန္ဒာစေတီတော်၏ အနောက်မြောက်ထောင့်ရှိ ကျွန်းလုံးတိုင်ကြီး များဖြင့် ဆောက်လုပ်ထားသည့် နှစ်ဆောင်ပြိုင် ရှေးဟောင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ မိမိတို့ ကားတန်းရှည်ကြီး ဝင်သွားချိန်၌ ပုဂံ၏ တိတ်ဆိတ်ငြိမ်သက်မှု အလှတရားက အနည်းငယ် ဟန်ချက်ပျက်သွား သည်။ ကျောင်းဝင်းက မကျယ်လှသော်လည်း အဆောက်အအုံတွေက ပြည့် နှက်နေသည်။ အာနန္ဒာစေတီ၏ အနီးဆုံးအရပ်၌ အိပ်စက်ရသည်ဆိုသည့် ခံစားမှုက ကိုယ့်စိတ်ကို ပို၍ပုဂံဆန်သွားစေသည်ဟုလည်း ကြံကြံဖန်ဖန် အတွေးဝင်မိသည့်ည။

(၂)

မန္တလေး၏ မနက်ခင်းများ၌ စောစောစီးစီး ကြားရတတ်သည့်

mgyoe.com

အသံက 'မန်းမြို့တော်ပေါက်စီ' ဖြစ်သော်လည်း ပုဂံမနက်ခင်း၌ ကြားလိုက်ရသည့်အသံက 'ကောက်ညှင်းပေါင်းပူပူလေး၊ အကြော်ပူပူလေး' တဲ့။ ရင်ထဲသိမ့်ခနဲ ဖြစ်သွားသည်။ ပုဂံ၏ မနက်ခင်းဈေးခေါ်သံက မြန်မာဆန်လွန်းလှပါကလား။ ကျောင်းကို ရောက်လာသည့် ဘုရားဖူးဧည့်သည်များကို လာရောင်းခြင်း ဖြစ်ဟန်တူသည်။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးချိန်၌ ကျောင်းထိုင်ဘုန်းကြီးက မိမိတို့သုံးပါးကို သူ့စားပွဲသို့ ဖိတ်မန္တကပြုသည်။

စောစောက ဈေးသည်မိန်းမကြီး၏ဗျတ်တောင်းထဲမှ ကောက်ညှင်းပေါင်းအကြော်တွေက ခုတော့ စားပွဲပေါ်ရောက်နေပြီ။ မင်္ဂလာရှိလှပါပေ့။ အဖွဲ့သားတွေ ပြင်ဆင်ပြီးချိန်၌ မော်တော်ယာဉ်တန်းကို ဖူးဘုရားဘက်သို့ ဦးတည်လိုက်သည်။ ဖူးဘုရားဈေးတန်း၌ သူတို့တွေ စားကြသောက်ကြပြန်တော့ ညီညွတ်မှုကို အလေးမူသောအားဖြင့် နောက်တစ်ကျော့ စားလိုက်ရသေးသည်။ 'တတ်သည့်ပညာ မနေသာ' ဆိုသကိုး။ သူတို့တွေ လှုပ်လှုပ်ရွရွ ဖြစ်နေချိန်၌ ဖူးဘုရားကို သွားရောက် ဖူးမြော်နေလိုက်သည်။ ထီးတော်ကို မော့ကြည့်မိတော့ ဖိုးရွှေလမင်းက ထီးတော်အနီးမှာ တံစဉ်ကွေးလေးလို လင်းလက်တောက်ပဆဲ။

(၃)

ဖူးဘုရား၏ တောင်ဘက်ကြားလမ်းလေးအတိုင်း ဆက်ဆင်းသွားတော့ ရောဝတီဆိပ်ကမ်းကို ရောက်သည်။ ကမ်းခြေတစ်လျှောက်၌ စီတန်းဆိုက်ကပ်ထားသည့် စက်လှေများ။ 'ဝေဖင်ဦး၊ ရွှေအိုး၊ သိန်းသန်းနဒီ၊ ထိပ်တန်း၊ သရဖူ၊ မင်းရော' စသည်ဖြင့် နာမည်ကိုယ်စီပေးထားသည်။ မိမိတို့စီးတော်ယာဉ်အမည်က 'ဗန္ဓုလ'။ လူစုံချိန်၌ ဗန္ဓုလ စတင်ရွေ့လျားသည်။ ပုဂံအနောက်ခြမ်းကို မြူနှင်းမှုန်တို့အကြားမှ မသဲမကွဲ လှမ်းမြင်ရသည်။ မြင်ကွင်းတစ်ခုလုံးကို 'ဖူးဘုရား၊ လောကနန္ဒာစေတီ' တို့ဖြင့် အနားသတ်ထားသည်။ ပုဂံကောင်းကင်ယံ၌ မိုးပျံပူပေါင်းတို့ လွင့်မျောနေသည်ကို တွေ့ရသည်။ မြစ်တစ်ဖက်ကမ်းရှိ တောင်တန်းကြီး၏ အမြင့်ဆုံးအပိုင်းမှာတော့ မိမိတို့ သွားရောက်ဖူးမြော်ကြမည့် တန့်ကြည့်တောင်စေတီ။

စက်လှေပေါ်က ဆင်းဆင်းချင်း လိုက်ထရပ်ကားပေါ်ကို တန်း

တက်ရသည်။ တောင်ခြေ၌ ရွာစဉ်တန်းတွေကို တွေ့ရသည်။ ရွာတစ်ရွာ၏ အမည်က 'တန့်ကြည့်ရွာ' တဲ့။ တန့်ကြည့်တောင် တောင်တက်လမ်း တစ်လျှောက်၌ သစ်ကြီး ဝါးကြီးတို့ မပေါက်ရောက်။ မိမိတို့ရွာထိပ်က တောင်တန်းနှင့် ဆင်ဆင်တူသည်ဟုပင် ထင်မိသည်။ 'တမာ၊ ထနောင်း၊ ရှားစောင်း၊ ဆူးရစ်' စသည့် အပူပိုင်းဒေသ ပေါက်ရောက်ပင်တို့ကိုသာ တွေ့ရသည်။ အချို့နေရာတို့၌ ဆပ်ပြာကြမ်း ပေါက်ရောက်သည့် မြေမျိုး ကိုလည်း တွေ့ရသည်။ ဒါကလည်း မိမိတို့ရွာဘက်က မြေအမျိုးအစားနှင့် တူသည်ပင်။ တောင်တက်လမ်းကို ကတ္တရာအပြည့်ခင်းထားသည်ဆိုသော် လည်း တောင်တက်လမ်း၏ အစပိုင်းလမ်းတွေမှာ မြေသားတွေပေါ်နေသည်။ ရေစီးဒဏ်ကြောင့် ဖြစ်မည်ထင်ပါရဲ့။

(၄)

ယခင်အခေါက်များက ပုဂံကိုရောက်တိုင်း 'တန့်ကြည့်တောင်' ကို 'တန့်ကြည့်' ပြီး ပြန်ခဲ့ရသည့်အဖြစ်ကို သည်တစ်ခေါက် အဆုံးသတ်နိုင်ခဲ့ပြီ။ တောင်ကြီးက ကိုယ့်ဆီမလာမှာ သေချာသည်မို့ ကိုယ်ကပဲ တောင်ကြီး ရှိရာကို မရောက်အရောက် သွားခဲ့ရသည်။ ခုတော့ တောင်ကြီးက ကိုယ့် ခြေဖဝါးအောက်မှာ။ တောင်ပေါ်မှ မြင်မြင်သမျှ မြင်ကွင်းတို့က စကားလုံးဖြင့် ဖော်မပြနိုင်လောက်အောင် လှသည်။ စေတီတော်တောင်ဘက်ခြမ်း၌ စောင်း တန်းသွယ်ထားသည်ကို တွေ့ရသည်။ ထိုစောင်းတန်းက ဘယ်ကိုဆိုက်သည် တော့ မသိ။ စောင်းတန်းမှ ဘေးသို့ ခွဲထွက်ထားသည့် မြေညီလွင်ပြင် ကမ်းပါးအစွန်း၌ မိမိထင်မထားသည့် သစ်ပင်တစ်ပင်ကို သွားတွေ့သည်။ တရုတ်စံကားပင်။ ထိုအပင် တည်နေပုံက ကိုယ်ဟန်လှသလောက် တမျော် တခေါ် ရှည်လျားလှသည့် တောင်စဉ်တန်းတို့အပေါ် ဆောင်းနေဖြာကျနေပုံက လည်း အသက်ရှုမျှားပင် မှားချင်စရာ။

စောင်းတန်းအတိုင်း ဆက်တက်သွားမည်ဆိုပါက စေတီတော်ကြီး ရှိရာကို ရောက်မည်။ မိမိက ပင်မလမ်းကို မရွေး။ အရှေ့တောင်ထောင့် အစွန်းရှိ ကြားလမ်းကို ရွေးပြီးတက်သည်။ အများသူငါက စေတီတော်ကြီးကို ဝတ်ပြုနေချိန်၌ မိမိက စေတီတော်ကြီးကို ကြည့်လိုက်၊ တောင်စဉ်တောင်တန်း

များကို ကြည့်လိုက်၊ ပုဂံတက်ကို လှမ်းမေးလိုက်။ ကြည့်၍မေး၍ ဝပြီဆိုကာမှ စေတီတော်ကြီးကို တစ်ဝဖူးမြော်သည်။ ထို့နောက် ထုံးစံအတိုင်း ဘုရားဖူး အဖွဲ့သားအားလုံး မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

(၅)

ဂေါတမ မြတ်စွာဘုရား သက်တော် ၇၀ အရွယ်တော်ကာလက ဤဒေသသို့ ကြွရောက်တော်မူခဲ့သည်။ ပုဂံမြို့ ဖြစ်မည့်နေရာကို လက်ညှိုး ညွှန်ပြီး ရပ်တန့်ကြည့်ရှုခဲ့ရာတောင် ဖြစ်သောကြောင့် 'တန့်ကြည့်တောင်' အမည်တွင်ကြောင်း ဘုရားသမိုင်းကျမ်းတို့က ဆိုသည်။ 'ဟိရညက' အမည် ရသည့် ထိုတောင်မှ ရွှေ၊ ငွေ၊ သတ္တုများ ထွက်၏ဟု အဆိုရှိသည်။ ပုဂံဒေသ၌ စွယ်တော်ဓာတ်ကိန်းဝပ်သည့် စေတီတော် လေးဆူရှိသည်။ ထိုစေတီတို့ သည်ကား "တန့်ကြည့်စွယ်တော်၊ ရွှေစည်းခုံစွယ်တော်၊ တုရင်စွယ်တော်နှင့် လောကနန္ဒာ စွယ်တော်" တို့ဖြစ်သည်။

မန္တလေး၊ မဟာမုနိဘုရားဝင်း အနောက်တောင်ထောင့်ရှိ ကျောက် စာရုံအတွင်း၌ ဘိုးတော်ဘုရားလက်ထက်က ထိုးသည့် 'တန့်ကြည့်တောင် ဘုရား ကျောက်စာချုပ်' ရှိသည်။ ထိုကျောက်စာ၏ အဆိုအရ တန့်ကြည့် စွယ်တော်ရှင်၏ မူလဘုရားဒါယကာက သီရိဓမ္မာသောကမင်းကြီး (B.C308) ဖြစ်၍ အနော်ရထာမင်းကြီးက ဒုတိယဘုရားဒါယကာဖြစ်၏ ဟုဆိုသည်။ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သည့် ဉာဏ်တော် ငါးတောင်တစ်မိုက် အမြင့်ရှိသည့် စေတီတော်ကိုငုံပြီး အနော်ရထာမင်းကြီး က ဖိနပ်တော် ၃၇ တောင်၊ ဉာဏ်တော် ၁၈ တောင် ၂ မိုက် အရွယ်ရှိ စေတီတော်ကို တည် ဆောက်စေခဲ့သည်။ "အနော်ရထာ မင်းစောသည် တန့်ကြည့်တောင်ရှိ သီရိ ဓမ္မာသောကမင်း စေတီယောင်းကို ထပ်မံတည်လုပ် ဝတ္တကမြေ၊ ကျွန်သိတော် များကို လှူတော်မူသည်" ဟု ထိုကျောက်စာ၌ ပါရှိသည်။

ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ နရသီဟပတေ့မင်း၊ မင်းကြီးစွာစော်ကဲ၊ မိုးညှင်းမင်းတရားကြီးနှင့် ဘိုးတော် ဗဒုံမင်းတို့သည် စေတီတော်ကို ကြီးသည်ထက်ကြီးအောင် အဆင့်ဆင့် ပြုပြင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ် ငလျင်လှုပ်သောအခါ အတွင်းမှစေတီကို

တွေ့မြင်ကြရ၏ဟု သမိုင်းမှတ်တမ်းတို့က ဆိုသည်။

(၆)

တန့်ကြည့်တောင်က ပခုက္ကူမြို့နယ်အတွင်း၌ ရှိသည်။ ပခုက္ကူနှင့် ၃၄ မိုင်ဝေးသည်။ ပခုက္ကူခရိုင်အတွင်းရှိ 'မုဋ္ဌောဘုရားကိုးဆူ' စာရင်း၌ တန့်ကြည့်တောင်စေတီလည်း အပါအဝင်ဖြစ်သည်။ သီရိဓမ္မာသောက မင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီများက 'မုဋ္ဌော' အမည်ရ၍၊ အလောင်းစည်သူ၊ နရပတိစည်သူမင်းတို့ တည်ထားကိုးကွယ်ခဲ့သည့် စေတီများက 'မုဒ္ဓော' အမည်ရသည်။ 'မုဋ္ဌော'နှင့် 'မုဒ္ဓော' ပါဠိအနေ မတူညီသလို အဓိပ္ပါယ်လည်း ကွဲပါသည်။ မုဋ္ဌောစေတီများကို လငပုတ်ဖမ်းနေစဉ် အပြီး တည်ကြရ၏ဟု ဆိုသည်။ 'မုဋ္ဌော' ဆိုသည့် ပါဠိက လွတ်မြောက်ခြင်း အနက်ကို ဟောသည်။

မုဋ္ဌောဘုရားများသည် တစ်ဆူနှင့်တစ်ဆူ တစ်ယူဇနာ (တစ်နေ့ ခရီး) အကွာအဝေး ရှိရမည်ဟု ဆိုသည်။ မုဋ္ဌောချင်းတူလျှင် ဘုရားပွဲတော် ရက် မထပ်ရ။ လခြား၍ ကျင်းပရမည်။ ဘုရားပွဲတော်ကို လပြည့်နေ့တစ်နေ့၌ ကျင်းပပြုလုပ်ရစမြဲ ဖြစ်၏ဟု အဆိုရှိသည်။

(၇)

ပုဂံကို ပြန်ရောက်တော့ လောကနန္ဒာစေတီတော်ဘက်ကို ခရီး ဆက်သည်။ စေတီတော်အဝင် ရောက်သည်နှင့် မဥ္ဇူသကနတ်ပန်းသည်တွေ နှင့် တန်းတိုးသည်။ ရင်ပြင်တော်ပေါ်ရောက်တော့ "ဘုရားသမိုင်း ပြောပြချင် လို့ပါ" ဆိုသည့် မိန်းကလေးတစ်ယောက်နှင့် တိုးရပြန်သည်။ နတ်ပန်းသည် တို့ကို ငြင်းခဲ့သော်လည်း သမိုင်းပြောပြချင်သည့် မိန်းကလေးကိုတော့ မငြင်းမိ။ သူ့အဆိုကို သဘောတူလိုက်သည်။

"စွယ်တော်မြတ်လေးဆူကို ဆွမ်းကပ်မယ်ဆိုရင် ၁၂ နာရီအတွင်း အပြီးကပ်ရတယ်။ ဆွမ်းမကပ်ဘူးဆိုရင် တစ်နေကုန် ဖူးလို့ရတယ်။ ဒီဘုရား မှာ ဝတ္ထုငွေ ငါးထောင်လှူတယ်ဆိုရင်၊ ကျန်တဲ့ဘုရားတွေမှာလည်း ငါးထောင်၊ တစ်ထောင်ဆို တစ်ထောင်၊ ငါးရာဆိုငါးရာ၊ ဒီဘုရားမှာ ပန်းငါးစည်းကပ်မယ်

ဆိုရင် ကျန်တဲ့ဘုရားတွေမှာလည်း ငါးစီး၊ လှူတာကို တူညီရတယ်။ တောင်းတာကို တူညီရတယ်။ ဆုက တစ်ဆုတည်း တောင်းရတယ်။ ဒါဆို ရင်တော့ တောင်းတဲ့ဆုက ပြည့်တယ်" ဟု သူမက ဆိုသည်။ ကလေးမက စကားအပြောသွက်ရုံမျှမက သူ့စကားအပေါ်မှာလည်း ယုံကြည်မှု အပြည့်ရှိပုံရသည်။

လောကနန္ဒာကမ်းပါးထိပ်မှ ဧရာဝတီတစ်ဘက်ကမ်းရှိ တန့်ကြည့်တောင်ဆီသို့ လှမ်းငေးမိသည်။ မြူနှင်းတို့လွှင့်ပြယ်စ ပုဂံ၏အလှတရားက အမြင်အာရုံထဲ လင်းလင်းချင်းချင်း ဝင်လာသည်။ ပုဂံသည် ကိုယ်တို့အားလုံး၏ အလင်းရောင်ဖြစ်သလို ကိုယ်တို့အားလုံး၏ အသိဘဏ္ဍာတိုက်လည်း ဖြစ်သည်။ နောက်ပြီး ကိုယ်တို့အားလုံး၏ အဝင်မှခ်ဦးလည်း ဖြစ်ပါသည်။

Weekly Eleven<br>(28-11-2016)

အကိုးအကား<br>– သမိုင်းကပြောသော ပုဂံ၊ ပုဂံကပြောသော သမိုင်း။<br>(ဒေါက်တာသက်လွင်)

❑

mgyoe.com

mgyoe.com

# မြောက်ပိုင်းလမ်း

(၁)

လွန်ခဲ့သည့် သီတင်းနှစ်ပတ်ခန့်က တောင်ပိုင်းရှမ်းပြည်၏ အထင်ကရဒေသများဖြစ်သည့် တောင်ကြီး၊ အင်းလေး၊ ပင်းတယဘက်သို့ ဘုရားဖူး ရောက်ဖြစ်ခဲ့သည်။ ထို့နောက် များမကြာမီ ရှမ်းပြည်မြောက်ပိုင်း အခြမ်းကိုသွားဖို့ အကြောင်းဖန်လာပြန်သည်။ ထိုအခြမ်းက မန္တလေးနှင့် သိပ်မဝေးလှ။ ထိုနယ်မြေကို ယခင်အခေါက်များက ရောက်ခဲ့ဖူးပါသော်လည်း ယခုလောက် တရင်းတနှီးရှိသည် မထင်ခဲ့။

မိတ်ဆွေ ကဗျာဆရာက ထိုခရီးကို အတော်လေး ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်ဟန်တူသည်။ သူ့အစီအမံ သူ့ဦးဆောင်မှုဖြင့် ထိုခရီးက ပြေပြစ်ချောမွေ့ခြင်းသို့ ရောက်ခဲ့ရသည်။ ကဗျာဆရာ ခုနစ်ယောက်နှင့် သည်တစ်ခေါက်သွားဖြစ်သည့် မြောက်ပိုင်းလမ်း ခရီးစဉ်က ဘုရားဖူးခရီးမဟုတ်။ ဂုတ်ထိပ် တံတားနှင့် တံတားဝန်းကျင်ဒေသကို အလည်အပတ်သက်သက် သွားကြသည့် ခရီးတစ်ခု ဖြစ်သည်။

(၂)

ရာသီက တပေါင်း ကုန်ခါနီးချိန်ဖြစ်သော်လည်း အအေးဓာတ်က ယှဲ့ယှဲ့ကျန်ချင်သေးသည်။ တံတားကို ရထားနှင့်ဖြတ်မည့် ခရီးပေမို့ နောင်ချိုဘူတာကို အချိန်ကိုက်ရောက်ဖို့ မနက်စောစော ငါးနာရီခွဲတိတိ၌ ခရီးကို

mgyoe.com

စတင်ခဲ့ကြသည်။ ၃၅ လမ်းအတိုင်း မောင်းလာသည့်ကားက ကျုံးဘက်ကို ချိုးကွေ့ပြီး နန်းရှေ့ဘက်ကို ဆက်လက် ဦးတည်သည်။ နန်းရှေ့ကဗျာဆရာ အဖွဲ့က ရွှေစွန်မင်း လက်ဖက်ရည်ဆိုင်မှ စောင့်နေသည်။ ထိုဆိုင်၌ပင် နံနက်စာကို မှျတကြပြီးနောက် မေမြို့အတက်လမ်း အောင်ပင်လယ်ကမ်းသို့ မော်တော်ယာဉ်ကို ဆက်လက် ဦးတည်လိုက်သည်။

ဘိုးဘိုးကြီးနတ်နန်း ရောက်တော့ ကားဆရာက စံပယ်သုံးကုံး ဝယ်ချိတ်သည်မို့ မနက်ခင်း၏ လေပြည်အသွဲ့၌ စံပယ်ရနံ့က တနော့နော့နွဲ့သည်။ သို့သော် ထိုအနွံ့က သိပ်တာမရှည်ချင်။ ကျောက်ချောကို ဖြတ်ပြီဆိုကတည်းက ကျောက်ခွဲစက်များမှ ထွက်လာသည့် ကျောက်မှုန့်များက ကောင်းကင်ယံကို စိတ်တိုင်းကျ မင်းမူတော့သည်။ ရှမ်းရိုးမသည်ပင် ရေးရေးမှုံသာ အရုပ်ထင်ရှာသည့် အဖြစ်။ စံပယ်နံ့လည်း ထုံပျံ့ခွင့်မသာ။ ရေးယခင်က တောင်တက်လမ်း စပြီဆိုသည်နှင့် ၂၁ မိုင် မရောက်မချင်း လူသူ အဆက် ပြတ်လှသည့် ထိုလမ်းက ယခုတော့ ယာဉ်တန်းလည်း မပြတ်သလို ဆိုင်တန်း လည်း မပြတ်တော့။ ဆိုင်ကယ်နှင့် အဝေးပြေးကားကြီးများ ရေဆေးသည့် ဆိုင်သစ်ကလေးများဖြင့် တိုးချဲ့စည်ကားနေသည်မှာ ကြာပြီ။

(၃)

ပြေးနေသည့် ကားထဲသို့ တောင်ပေါ်လေက စိမ့်ခနဲ တိုးဝင်လာသည်မို့ ပါလာသည့် ခေါင်းစွပ်ကိုပင် စွပ်လိုက်ရသေးသည်။ ညောင်ပေါ အထွက်မှာ ကားလမ်းတွေချဲ့ပြီး နိုင်လွန်ကတ္တရာ ခင်းနေသည်ကို တွေ့သည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်မှအထွက် ခြောက်ထပ်ကွေ့ကိုလွန်တော့ ရှေ့မှာ ၂၂ ဘီးကားကြီးတွေကြောင့် လမ်းက ခရီးမတွင်ချင်။ ကားငယ်လေးတွေက ကျော်တက်ဖို့ ဘယ်ညာချောင်းကြရင်း ယာဉ်ကြောက နှစ်ထပ်ဖြစ်သွားသည်။ ပြင်စာကို လွန်တော့ နိုင်လွန်ကတ္တရာလမ်းက ဆုံးသွားသည်မို့ လှိုင်းက ပြန်ထသည်။ ရတနာပုံဆိုက်ဘာစီတီနှင့် သုံးတောင်ကို ကျော်ခဲ့ချိန်၌ နိုင်လွန် ကတ္တရာကို တွေ့ရပြန်သည်။

အနီးစခန်းလေဆိပ်ကို လွန်ချိန်၌ အအေးက သိသိသာသာ ပိုတက်လာသည်။ အောင်ပင်လယ်တာရိုးကတည်းက နှစ်လွမ်းသွားဖြစ်ခဲ့သည့်

လမ်းက ပေါင်းသွားလိုက်၊ ခွဲသွားလိုက်။ မေမြို့ကိုဝင်တော့ ဒေသထွက် စတော်ဘယ်ရီခြင်းလေးများကို မြင်ရပြီ။ သို့သော် ယခင်ကလို ဝါးခြင်းတွေ မဟုတ်တော့။ ဂျပ်စက္ကူပုံးလေးတွေ။ မေမြို့၏တနင်္ဂနွေက မျက်နှာသစ်များ ဖြင့် စည်ကားစပြုနေသည်။ စိန်ပန်းတွေလည်းပြာပြီ။ ချယ်ရီတွေလည်း ပန်းရောင်သန်းပြီ။ မြို့အထွက်က မြို့မကာဖေးမှာ လက်ဖက်ရည် ထပ်သောက် ကြပြန်သည်။

ရေငယ်လမ်းဆုံနှင့် ရေသရောက်ကုန်းကို ကျော်တော့ ကွေ့အဆင်း ကြီးကို တန်းတွေ့သည်။ တောင်တက်ကားကြီးများ၏ နဖူးစည်း၌ 'ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ'ဟု စာတန်းထိုးထားသည်ကို သတိပြုမိသည်။ အမြဲသွားလာ နေရသည့်ခရီးက တောင်ပေါ်လမ်းပေမို့ သူတို့လည်း ရတနာသုံးပါးကို မမေ့ မလျော့ အားကိုးအားထား ပြုကြဟန်တူသည်။ ဝက်ဝံဈေးကုန်းနှင့် ပိတ်ချင်း မြောင်ကို ကျော်ဖြတ်ပြီးချိန်၌ မန္တလေးတိုင်းကို နှုတ်ဆက်၍ ရှမ်းပြည်နယ် မြောက်ပိုင်းထဲ တန်းဝင်သွားသည်။ မြောက်ပိုင်းလမ်းကို နဖူးတွေ့ဒူးတွေ့ တွေ့ရပြီ။

(၄)

ခြေမြစ်ပင်ကို ဝင်ကတည်းက မြေကြီးက အရောင်ပြောင်းသွား သည်။ ပင်းတယ, ဟဲဟိုးဘက်တုန်းကလည်း မြေနီတွေကိုပဲ တွေ့ရသည်။ ဒါသည်ပင် ရှမ်းပြည်၏ သင်္ကေတတစ်ခုဖြစ်မည် ထင်ပါရဲ့။ ကားက ညာ ဘက်ခြမ်း ထင်းရှူးတောအုပ်ကို တမေ့တမော ဖြတ်နေရသည်။ စိုက်ခင်းဧက ၅၅၀ ဟု အညွှန်းစာက ဆိုသည်။ ထင်းရှူးစိုက်ခင်းက လွန်းကျော်နားအထိ ရောက်သည်။ ဘန့်ဘွေးအဝင် ဘယ်ဘက်ခြမ်းမှာ ကြံစိုက်ခင်းတွေက တမျှော်တခေါ်။ သည်ဘက်နယ်မှာ ဆင်းရွှေလီသကြားစက် နှစ်လုံးရှိသည်။

ရေဝင်၊ အုမ္မသီး၊ ရေမောင်းတန်းတို့ကို ဖြတ်သည်။ ဂျုံခင်းတွေ ဖရဲခင်းတွေ တွေ့သည်။ အုမ္မခါးနှင့် လွယ်ပူလကို ကျော်တော့ နောင်ချို ကြီးပိုင်း ကျွန်းပင်အုပ်များကို တွေ့သည်။ နောင်ချိုမြို့အဝင် ဆိုင်းဘုတ်နား ရောက်တော့ ၁၀ နာရီထိုးလုပြီ။ နောင်ချိုဘူတာကို ရောက်တော့ အသင့် စောင့်ဆိုင်းနေသည့် ဒုရုံပိုင်ကြီးက ကိုယ်တို့အဖွဲ့ကို ဓာရင်းတနှီးကြိုဆိုသည်။

mgyoe.com
သူက ကဗျာဆရာ ကိုလူအောင် (ဝမ်းတွင်း) ၏ မိတ်ဆွေ။ ဘူတာရုံထဲမှာ နိုင်ငံခြားသား အတော်များများကို တွေ့ရသည်။ သူတို့လည်း ဂုတ်ထိပ်ကို ဖြတ်ချင်ကြသူတို့ပဲ ထင်ပါရဲ့။ ၁၀ နာရီခွဲတိတိမှာ ရထားဆိုက်လာသည်။ ခရီးသည်တွေရော ဈေးသည်တွေပါ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။ ကိုယ်တို့အားလုံး အထက်တန်းတွဲပေါ် တက်လိုက်လာကြသည်။ အချို့ ထိုင်ခုံရ၊ အချို့ မရ။

ရထားပေါ်မှ မြင်ရသည့် ရှုမျှော်ခင်းတိုင်းက ကိုယ့်အတွက် အသစ်အဆန်းချည်း ဖြစ်သည်။ ခပ်ဝေးဝေးဆီမှာ တောင်တန်းပြာကြီးက လှိုင်းထလို့။ ရထားက လမ်းကျဉ်းတွေကို ဖြတ်သန်းရသည်လည်း ရှိသည်။ ကျောက်သားနံရံကြီးများကြားမှ ထိုးခွဲဝင်ရသည်လည်း ရှိသည်။ တောင်ကုန်းစွန်းမှ ဖြတ်သန်းရသည်လည်း ရှိသည်။ ဘယ်ညာမှာတော့ ချောက်ကမ်းပါးအစွန်။ ဂုတ်ထိပ်ကို လှမ်းမြင်ရချိန်၌ တံတားက ရထား၏ဘယ်ဘက်ကို ရောက်သွားလိုက်၊ ညာဘက်ကို ရောက်လာလိုက်နှင့် လူကို တအံ့တသြကြီးဖြစ်အောင် လုပ်သည်။ ဂုတ်ထိပ်ဘူတာရောက်တော့ ဒုရုံပိုင်ကြီးကလည်း ကိုယ်တို့အဖွဲ့နှင့် လာရောက်ပူးပေါင်းသည်။

(၅)

ဂုတ်ထိပ်ကို ဖြတ်သန်းချိန်၌ မီးရထားကြီးက ဖြည်းဖြည်းလေး မောင်းပေးသည်။ ကိုယ်အပါအဝင် ပြတင်းပေါက် နီးသူအားလုံး ခေါင်းကို အပြင်ထုတ်ပြီး ဝန်းကျင်ကို စူးစမ်းကြသည်။ ကင်မရာပါသူများက ဘယ်ပြောင်းညာလှည့် မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။ တံတားဖြတ်လမ်းက အကွေ့ဆိုတော့ သံလမ်းပေါ်မှာ မီးရထားကြီး ကွေ့ကွေ့ဝိုက်ဝိုက် ဖြတ်သန်းနေပုံက အင်မတန်လှသည်။ အောက်ကို ငုံ့ကြည့်မိတော့ ရေစီးသန်သည့် ချောင်းတစ်ခု စီးဆင်းနေသည်ကို မြင်ရသည်။ အထက်နှင့်အောက်က နည်းနည်းနော‌နော အကွာအဝေးမဟုတ်။

နောင်ချိုဘူတာမှ ဂုတ်ထိပ်အထိ သီးသန့်ဆွဲပေးသည့် စင်းလုံးငှားရထားဖြင့် လာရောက်လေ့လာသူတို့လည်း ရှိသည်။ လူ ၂၀ စီးနိုင်သည်။ အသွားတစ်သိန်း၊ အပြန်တစ်သိန်းတဲ့။ တံတားရဲ့ ဟိုဘက်၊ သည်ဘက်

ထိပ်မှာ ဆယ်မိနစ်စီ ရပ်နားပေးသည်ဟု သိရသည်။ "ဒီဘက်နယ်က လူတွေရဲ့ ဘဝက သိပ်ပြီး ခက်ခဲကြမ်းတမ်းတယ် ဘုရား၊ ဟိုးချောက် အနက်ကြီးထဲကိုဆင်းပြီး သူတို့တွေ မျှစ်ချိုးကြတယ်။ ပြီးတော့ ချိုးလာတဲ့ မျှစ်တွေထမ်းပြီး တောင်ပေါ်ကို တက်လာရတယ်။ လူအတော်များများက ဒါလေးတွေ ရောင်းချပြီး အသက်မွေးကြရရှာတယ်" ဟု ဂုတ်ထိပ်ဒုရုံပိုင်ကြီး က ဆိုသည်။

(၆)

ဗြိတိသျှတို့က ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးကို စီမံခန့်ခွဲစဉ် ၁၈၉၈ ခုနှစ်လောက်က ရွာပေါင်း ၄၈ ရွာကို ကြီးမှူးရသည့် 'ဟိုကွတ်' အမည်ရသည့် တိုက်နယ်ဗဟိုဌာနတစ်ခု ရှိခဲ့သည်။ ထိုရွာကို မြန်မာတို့က 'ငုတ်ထိပ်' ဟု ခေါ်ကြသည်။ ကာလရွေ့လျောလာချိန်၌ ငုတ်ထိပ်မှ 'ဂုတ်ထိပ်' ဟု ဖြစ်လာ သည်။ ထိုဒေသ၌ နမ့်ပဆေးမြစ်သည် မြေကြီးထဲသို့ တိုးဝင်စီးဆင်းပြီးနောက် အခြားတစ်နေရာ၌ မြစ်ကြောင်းပေါ်သည့် မြစ်တစ်ခုအဖြစ် လူသိများသည်။ ဂုတ်ထိပ်သည် နမ့်ပဆေးမြစ်ကြောင့် လူသိများသလို ကမ္ဘာပေါ်တွင် ဒုတိယ အမြင့်ဆုံးဖြစ်သည့် ဂုတ်ထိပ်တံတားကြောင့်လည်း ထင်ရှားခဲ့ရသည်။

ဂုတ်ထိပ်သည် နောင်ချိုဘူတာအလွန် မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ ၌ ရှိသော ကျောက်ဂူကြီးပေါ်သို့ ဖြတ်၍ တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားသည့် တံတားကြီးတစ်စင်း ဖြစ်သည်။ မြန်မာအစိုးရက အမေရိကန်နိုင်ငံ ပင်ဆီလာဗေးနီးယားနှင့် မေရီလန်တံတားဆောက်လုပ်ရေး ကုမ္ပဏီအား ငှားရမ်းဆောက်လုပ်စေခဲ့သည့် တံတားကြီးဖြစ်သည်။ ထိုခေတ် ကာလ ကုန်ကျငွေအားဖြင့် (၁၆၉၈၂၀၀) ကျပ်ရှိ၏ဟု ဆိုသည်။ အလျားပေ (၂၂၆၀) ရှိ၍ သံခြေတိုင်အချို့မှာ အနိမ့်ဆုံး ချောင်းမြောင်း ချိုင့်ဝှမ်းမှသည် မီးရထားသံလမ်းအထိ ပေပေါင်း (၁၁၀၀) မြင့်သည်။ တံတားကို တည် ဆောက်ရာ၌ သံနှင့်သံမဏိတန်ချိန် (၄၃၁၁) တန်နှင့် သံမှိုပေါင်း ၁၀၀၀၀၀၀ (တစ်သန်း) သုံးစွဲခဲ့ရသည်ဟု ဆိုပါသည်။

mgyoe.com

mgyoe.com

(၇)

ဒုတိယ ကမ္ဘာစစ်ကာလက မဟာမိတ်တို့၏ မြေလှန်စနစ်အရ ဂုတ်ထိပ်တံတားကြီး၏ သံတိုင်အမှတ် ၂ နှင့် ၅ တို့လည်း အဖျက်ဆီး ခံရဖူးသည်။ ဂျပန်တို့ ဆုတ်ခွာချိန်၌လည်း သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁၊ ၁၂ တို့ကို အောက်ခြေမှစ၍ ဗုံးခွဲဖျက်ဆီးခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီးချိန်၌ မြန်မာနိုင်ငံမီးရထားဌာနက ဦးစီး၍ တံတားကြီးကို ပြန်လည် ပြင်ဆင်ခဲ့ရသည်။

သည်ခရီးက အမှတ်ရစရာတွေ များလွန်းသည်။ နောင်ချိုဒုရုံပိုင် ကိုသန့်စင်က ဆွမ်းဟင်းတစ်ချိုင့် ယူလာပြီး ဂုတ်ထိပ်ဒုရုံပိုင် ကိုကံမြင့်က ထမင်းကို အိုးလိုက်သယ်လာသည်။ သစ်သီးအချိုပွဲကလည်း ပါလိုက်သေး။ လိုဏ်ခေါင်းအလွန် တောင်ကုန်းထိပ်စေတီလေးဘေးမှ ခြေတံရှည်ဇရပ် ကလေးပေါ်မှာ မောမောဆာဆာနှင့် စားခဲ့ရသည့် နေ့လယ်စာ တစ်နပ်ကို တော့ဖြင့် သည်တစ်သက် မေ့နိုင်တော့မည်မထင်။

Weekly Eleven
(3-4-2017)

အကိုးအကား
– မြန်မာစွယ်စုံကျမ်း၊ အတွဲ (၃)၊ အပိုင်း (က)

❑

mgyoe.com

mgyoe.com

# နှင်းစက်လမ်း

(၁)

အလာနှောင်းသော်လည်း ဆောင်းက တကယ်ပဲ ရောက်လာခဲ့သည်။ ဆောင်းရောက်လာပြီးနောက် များမကြာမီ နှင်းတို့လည်း အလိုက်အထိုက် လိုက်လာသည်။ ပြောကြစတမ်းဆို ဆောင်းနှင့်နှင်းက မိတ်ဖက်။ နှင်းဖွေးဖွေး မနက်ခင်း တစ်ခု၌ ဆေးရွက်ကြီးနှင့်ထန်းပင်တွေ ပေါသောအရပ်သို့ ခရီးသွားဖို့ အကြောင်း ဖန်လာခဲ့သည်။ ခရီးက နေ့ချင်းပြန်။

အကြိုရောက်လာသည့် ကားက ၃၅ လမ်းမကြီးအတိုင်း အနောက်စူးစူးကို မောင်းသည်။ စိန်ပန်းလမ်းမကြီး ထောင့်ချိုးက မိုးကောင်းကင်မှာ လက်ဖက်ရည်နှင့် ထပ်တစ်ရာစားကြသည်။ ဂေါဝိန်ကမ်းနားလမ်းကို ရောက်သည်အထိ နှင်းက မကွဲချင်သေး။ မစို့မပို့ အလင်းရောင်အောက်၌ လမ်းလျှောက်ပြန်လာသူများကို တွေ့သည်။ အချို့က တာရိုးလမ်း အုတ်ခုံပေါင်နံဘေးမှာ ကိုယ်လက်လှုပ်ရှားနေကြသည်။ ရတနာပုံ တံတားထိပ်ရောက်တော့ နှာပေါက် လိုဏ်ခေါင်းမှတစ်ဆင့် နှင်းဝေဝေ စစ်ကိုင်းတောင်ရိုးကို မြင်လိုက်ရသည်။ အရာအားလုံးက မြင်ကွင်းထဲမှာ ရိပ်ခနဲ။

တြိဂံထောင့်ချွန်း ဆုံမှတ်နေရာ၌ ရွေးချယ်စရာလမ်းကြောင်း သုံးမျိုးသုံးစား ပြားသွားသည်။ ညာဘက်သို့ ဆက်တက်မည်ဆို စစ်ကိုင်း၊ ဘယ်ဘက်အရှေ့ခြမ်းကို ဆက်သွားမည်ဆို မြစ်ငယ်၊ အနောက်ခြမ်းကို ဆက်သွားမည်ဆို အင်းဝ၊ တံတားဦး။ တစ်ခါကတော့ အင်းဝဘက် ခရီးဆက် မည့်သူ

mgyoe.com
များအားလုံး ထိုနေရာ၌ ဂိတ်ဆုံးသည်။ ထိုထောင့်ချိုး ရောက်လျှင် လေ့စီးပြီး အင်းဝဘက်ကိုကူးရသည်။ ခုတော့ ထိုသို့မဟုတ်ပြီ။

(၂)

ဘယ်ဘက်အနောက်ခြမ်းသို့ ချိုးချိုးချင်း တိုးဂိတ်ကို တန်းတွေ့သည်။ အနောက်ဘက်သို့ မောင်းနေရာမှ တောင်ဘက်ကို ခယ်ကွေ့လိုက်တော့ ရန်ကုန်မန္တလေး လမ်းမကြီးထဲ ပေါင်းသွားသည်။ မောင်း၍ကောင်းနေဆဲ၌ပင် ကားက ညာဘက်လမ်းချိုးကို ကွေ့လိုက်ပြန်သည်။ ထိုအကွေ့က တံတားဦးအင်းဝသို့ ရောက်သည်။ တီပုံသဏ္ဌာန် လမ်းဆုံအရောက်၌ တံတားဦးသို့၊ အင်းဝသို့ ရေးထားသည့် လမ်းညွှန်ဆိုင်းဘုတ်များကို တွေ့သည်။ ကားက ညာဘက်ကို ချိုးကွေ့လိုက်တော့ တံတားဦးထဲကို တန်းခနဲဝင်သွားသည်။

ခုပဲ တံတားဦးကိုဝင်၊ ခုပဲ တံတားဦးက ပြန်ထွက်ရသည်။ မြို့အထွက် ဆိုင်းဘုတ်သို့ မရောက်ခင် ထန်းမြစ်၊ ပဲမြစ် ဆိုင်ကလေးများကို တွေ့သည်။ ဆိုင်ဆိုသော်လည်း အမိုးအကာနှင့် မဟုတ်။ ကားလမ်းမကြီး ဘယ်ညာ၌ မြေကြီးပေါ်အဝတ်ဖြန့်ခင်း၊ ပိနံအိတ်ဖြန့်ခင်းပြီး ချရောင်းသည့် ကြမ်းခင်းဈေးမျှသာ။ ထိုလမ်းကို ရောက်တိုင်း ထိုဈေးသည်များကို တွေ့ရမြဲ။ ဒေသထွက် ရာသီစာအသီးအနှံများကို ထိုလမ်းဘေးဈေးမှာ ရနိုင်သည်။ စစ်ကိုင်း တံတားအထွက်မှ အမရပူရသို့သွားရာ လမ်းတစ်လျှောက်၌လည်း ထိုသို့သော လမ်းဘေးဈေးသည်များကို တွေ့ရတတ်သည်သာ။ စစ်ကိုင်းလမ်းမှာ အများဆုံးတွေ့ရသည့် အသီးအနှံက ပြောင်းဖူးဖြစ်သည်။ တံတားဦး အထွက်မှာ အများဆုံး တွေ့ရတတ်သည်က ထန်းပင်မြစ်နှင့်ပဲမြစ်။

'မန်းကျည်းတော ပဲမြစ်တွေတောင် ပေါ်ပြီပဲ' ဟု ကားဆရာက ဆိုသည်။ မန်းကျည်းတောက ထွက်ထွက် အနီးဝန်းကျင် ရွာတွေကပဲ ထွက်ထွက်။ ရောင်းသူက 'မန်းကျည်းတောပဲမြစ်' ဟုပဲ ခေါ်ရောင်းသည်တဲ့။ မန်းကျည်းတော ပဲမြစ်က နာမည်ကြီးဟုလည်း သူက ဆိုသည်။ ဘာထူးလို့လဲဗျ ဟု မေးမိတော့ "သူက တစ်ဆစ်သီးလေးတွေလေ၊ စားရတာလည်း စီးစီးပိုင်ပိုင် ရှိတယ်" တဲ့။ ကိုယ်ကတော့ ပဲမြစ်အပေါ် မြိန်မြိန်ယှက်ယှက်

သိပ်မရှိလှ။ အပြန်ကျရင် ထန်းမြစ်တော့ ဝယ်သွားရဦးမည်ဟု စိတ်ထဲတေး ထားလိုက်သည်။

(၃)

'သူငယ်တော် စံပြကျေးရွာ' ကို လွန်ချိန်၌ ထနောင်းလမ်းကို တွေ့ သည်။ မုံရွာအဝင် လမ်းဘေးဘယ်ညာ၌ တမာပင်တန်းကို တွေ့ရသည့် နည်းတူ ဤအရပ်၌လည်း ထနောင်းပင်တန်းကို တွေ့ရသည်။ ဒေသခံတို့က ထိုလမ်းကို ဘယ်လိုခေါ်ကြသည်တော့ မသိ။ ကိုယ်ကတော့ ထိုခရီးကို ဖြတ်တိုင်း ထိုလမ်းကို 'ထနောင်းလမ်း' ဟု ကိုယ့်ဘာသာ အမည်ပေးထားခဲ့ သည်။ လယ်ကွင်းနှင့်သစ်ပင်တန်း အတန်ငယ် ခြားသည့်နေရာတို့၌ ထနောင်းပင်တို့က နှစ်ပင်သုံးပင်ဆင့်၍ ပေါက်ရောက်သည်မို့ မြိုင်ထ နေသည့်အလား အုပ်အုပ်ဆိုင်းဆိုင်း ရှိဘိသည်။

ထနောင်းပင်တန်း၏ နောက်ကျော၌ ထန်းတောအုပ်ညိုညိုကို တွေ့ ရသည်။ ထန်းပင်တွေက အရွယ်အမျိုးမျိုး၊ အရပ်အမျိုးမျိုး၊ အချို့က အောက် လက်များကို သပ်ထားသည်မို့ ကလေးငယ်များ၌ တွေ့ရတတ်သည့် ဦးစွန်းဖုတ် ကေနှင့်ပင် တူသေးတော့သည်။ လမ်းဘေးမြောင်းငယ်တို့၌ ရေစပ်စပ်ထင် ကျန်နေသည့် အိုင်ငယ်ပေါက်စလေးများ။ အပင်ကြီးငယ်တို့၌ ဟိုကူးသည်ကူး လှုပ်ရှားနေကြသည့် ဗျိုင်းများ။ ရေရှိ၍ ငါးရှိ၊ ငါးရှိ၍ ဗျိုင်းရှိခြင်းပဲ ဖြစ်မည် ထင်ပါရဲ့။ ထနောင်းပင်တန်းက ပြတ်သွားသော်လည်း ထန်းပင်အုပ်စုက တော့ တစ်လျှောက်လုံး မပြတ်တော့။ ထန်းတောအုပ်က တောင်သာ မြင်းခြံ ဘက်အထိ တစ်ဆက်တည်း ပေါက်ရောက်သည်။ အပင်က ရှည်သလောက် ခရီးကြောလည်း အလွန်ရှည်သည့် အမျိုး။

လမ်းဘေးတစ်လျှောက်၌ ယာခင်းသို့ အလုပ်ဆင်းလာကြသည့် နွားလှည်းများ၊ ခမောက်ကိုယ်စီဖြင့် အခင်းကို ခြေကျင်လာကြသူများ၊ လမ်းဘေးဓာတ်ဆီဆိုင်၌ ဆီဝင်ဖြည့်နေသည့် ကျေးလက်ပျော် မော်တော် ဆိုင်ကယ်များ၊ နှင်းစက် လူးနေသည့် ခရီးအစပ်မှ ခြံစည်းရိုးပင်များကို တွေ့သည်။ ဆိုင်ကယ်တစ်စီးက ကိုယ်တို့စီးလာသည့် မော်တော်ကားကို ကျော်တက်သွားသည်။ ကယ်ရီယာခုံမှာ အသားတန်းကိုကန့်၍ ဘယ်ညာ၌